# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၁)ရက် ၊ တနင်္လာနေ့ ၊ (24-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော်   ဩဂုတ်   ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

## မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ ၂၀၂၆(မန္တလေး) ဒုတိယနေ့ ဆက်လက်ကျင်းပ



မန္တလေး   ဩဂုတ်   ၂၃

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ ၂၀၂၆ (မန္တလေး)ကို "Taste of the Golden Land 2026 (Mandalay)"ဟူသော ဆောင်ပုဒ်ဖြင့် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်

စာမျက်နှာ ၂၃ ကော်လံ ၁

## နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၆)

ဆောင်းပါး စာမျက်နှာ – ၁၈

## ဝန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ညှိနှိုင်းဆောင်ရွက်

စာမျက်နှာ – ၁၇

## ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၀၅ ဧကထိ စိုက်ပျိုးပြီးဖြစ်

ယင်းမာပင်   ဩဂုတ်   ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၀၅ ဧကထိ စိုက်ပျိုးပြီးဖြစ်ကြောင်း ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် စပါးဧက ၃၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို

စာမျက်နှာ ၂၃ ကော်လံ ၁



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော်   ဩဂုတ်   ၂၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ”(Narra)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်

စာမျက်နှာ ၂၃ ကော်လံ ၄

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၂၄ ရက်

**အယ်ဒီတာ့အာဘော်**

# ဂုဏ်ယူဖွယ်ရာ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းမင်္ဂလာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V.Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းကို ဩဂုတ် ၁၉ ရက်က အဆိုပါဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းအပေါ် ဘုတ်အဖွဲ့အနေဖြင့် တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။ ထိုသို့ ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပလက်ဟာနော့ဗ်တက္ကသိုလ်သည် ယနေ့တွင် သက်တမ်းအားဖြင့် ၁၁၉ နှစ်တိုင် တည်ရှိခဲ့ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံတကာကျောင်းသားများအပါအဝင် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၄၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေရန်အတွက် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့်ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့်ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးလည်းဖြစ်သည်။

**"ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ ယခုဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာ မဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း"** နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကျေးဇူးတင်စကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အခြားသောဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့အပ်နှင်းမှုသည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား နှစ်ကာလရှည်ကြာစွာ တည်ရှိနေခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံ ပြည်သူများအကြား နွေးထွေးသည့်သံယောဇဉ်ကို ပိုမိုခိုင်မာစေသည့် ပြယုဂ်တစ်ခုလည်းဖြစ်ပေသည်။

သို့ဖြစ်ရာ ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်ကအပ်နှင်းသည့် ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန် တွန်းအားတစ်ရပ်ပင်ဖြစ်သောကြောင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခံရခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပေသည်။

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**အမရပူရ ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၉၂ သန်းဖြင့် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၉၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၉၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၉၄၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ရေတီ၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ကြံခင်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ ကန်စွန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ပိုးမွှားအန္တရာယ် ကင်းရှင်းတာကိုလဲ တွေ့ရပါတယ်။ အခုနှစ် ကန်စွန်းဥတွေ အရောင်းအဝယ် ကောင်းတာက မနှစ်ကထက် ကန်စွန်းဥစိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေလို့ ဖြစ်ပါတယ်"ဟု ကြံခင်းမြို့နယ်လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းလာခြင်းသည် ကန်စွန်းဥနှင့် ဆက်စပ်သော ထုတ်ကုန်လုပ်ငန်းများဖြစ်သည့် ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်မုန့်များ ကို ပြုလုပ်ရောင်းချသူများက အဓိကဝယ်ယူနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ဂွေးဇီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးဇီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကြောင်းအရာများ၊ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဂွေးဇီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သာစည်မြို့နယ် ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သာစည် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွာပုလဲလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာပုလဲလေးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ငွေကျပ် ၅၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၃၃၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၃၃၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ကုလားပဲသီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၇၀၈၉ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၂၄၅ ဧက စုစုပေါင်း ၇၃၃၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် ဓမ္မကျကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓမ္မကျကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၇၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဓမ္မကျကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဝလုံးကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဝလုံးကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ဝလုံးကဏန်းပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဝလုံးကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ဝလုံးကဏန်းများ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ထွက်ရှိတဲ့ ဝလုံးကဏန်းတွေ ပြီးခဲ့တဲ့ တစ်လအတွင်း ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဝလုံးကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ဒီဘက်ကနေဝလုံးကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသဈေးကွက်တွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်။ အခုလို ဝလုံးကဏန်းတွေ တင်ပို့အားကောင်းလာတော့ ကုန်သည်တွေ အပါအဝင် ရေလုပ်ငန်းနှင့် ဆက်စပ်တဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။


ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဝလုံးကဏန်းတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဝလုံးကဏန်းများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆရာ့ ဆရာများနဲ့ မိတ်ဆက်

**ချစ်နိုင်(စိတ်ပညာ)**




**ယနေ့ပညာရည်မြင့်မားရေးအတွက် အဘက်ဘက်က အားတက်သရော ဆွေးနွေးဆောင်ရွက်နေကြချိန်တွင် ကျောင်းဆရာတစ်ယောက်အဖြစ် ပညာဖြင့် အသက်မွေးခဲ့သော ကျွန်တော်၏အတွေ့အကြုံများသည် သင်ကြားပို့ချနေသော ဆရာ၊ ဆရာမများနှင့် သင်ကြားပို့ချမှုခံယူနေကြသော ကျောင်းသား၊ ကျောင်းသူများ၏ စေတနာ၊ ခံယူချက်၊ သဘောထား၊ ကျင့်သုံးဆောင်ရွက်မှု၊ အားထုတ်လုပ်ဆောင်မှုတို့နှင့်ပတ်သက်၍ ကောင်းရာကောင်းကြောင်း ထည့်သွင်းစဉ်းစားစရာများ ပေးတန်သလောက်ပေးနိုင်လိမ့်မည်။**

**မောင်ခင်မင်(ဓနုဖြူ) (၁၉၄၀-၂၀၂၄)**
**၂၆-၉-၂၀၁၃**
**(အမွေခံတစ်ယောက်စာအုပ် အမှာစာမှ)**

ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာဌာန နည်းပြဆရာဘဝမှ မြန်မာစာပါမောက္ခအဖြစ် စာပေသင်ကြားပို့ချခြင်းပညာအလုပ်ဖြင့် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်သွားခဲ့သူ စာရေးဆရာ၊ ကျောင်းဆရာကြီးတစ်ယောက်မှာ ဒေါက်တာခင်အေး၊ ကလောင်အမည် မောင်ခင်မင် (ဓနုဖြူ)ပင် ဖြစ်ပေတော့သည်။ ဆရာကြီးရေးသည့် **"အမှတ်တရဖြစ်ရပ်၊ အမှတ်တရ စကား"** ဟူသော စာအုပ်(၂၀၂၃ ခုနှစ် ဒီဇင်ဘာလထုတ်)ကို တစိမ့်စိမ့်ဖတ်ရင်း ဆရာ့ဆရာများအကြောင်း ပြန်ပြောင်းဖောက်သည်ချလိုစိတ်ပေါ်လာခဲ့ပါ၏။ ဆရာဆိုသည်မှာ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ဖြစ်ပါသည်။ ဆရာ့ဆရာများဆိုသည်မှာ ထိုစာအုပ်တွင် ရေးသားဖော်ပြထားသည့် ဆရာကြီး၏ မူလတန်းအရွယ်မှ တက္ကသိုလ်ကျောင်းသား၊ တက္ကသိုလ်ဆရာဘဝအထိ သူ၏ကျေးဇူးရှင်ဆရာများက ပြောကြားခဲ့သည့် အဆုံးအမ သဘောထား စသည်တို့ကို မိတ်ဆက်မျှဝေလိုခြင်းပါတည်း။

ဆရာကြီးလိုပင် စာရေးသူလည်း မိမိ၏ဆရာသမားများအကြောင်း တစ်ဦးချင်းစီရုပ်ပုံလွှာများကို မှတ်တမ်းတင် ဂုဏ်ပြုချင်ပါ၏။ စာရေးသည့်အခါ မိမိလေးစားကြည်ညိုသော၊ ရင်းနှီးချစ်ခင်သော ပုဂ္ဂိုလ်များ၊ ကျေးဇူးပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအကြောင်း တော်ကြောင်း၊ ကောင်းကြောင်းများ အရိပ်အမြွက်ဖော်ပြခဲ့ဖူးသော်လည်း တသီးတစ်သန့် မရေးနိုင်သေးပေ။

တကယ်တော့ သပ္ပုရိသဉပနိဿယျစက်၊ ကလျာဏမိတ္တသမ္ပဒါအချက်တို့ ပြည့်စုံခဲ့သဖြင့်သာလျှင် မိမိတို့ဘဝ အသက်ရှည်ကြာ၊ အနာကင်းဝေး၊ ဘေးရန်လွတ်မြောက်၊ ချမ်းသာအေးချမ်းစွာနေနိုင်ခြင်းပါတည်း။ ကျေးဇူးရှင်များကို အမှတ်တရဂုဏ်ပြုဖော်ပြခွင့်ရခြင်း အသိအမှတ်ပြုနိုင်ခြင်းသည် သူတော်ကောင်းတရားပါ။

စိတ်ထဲတွင် အလေးအနက် ကျေးဇူးတင်နေပါသော်လည်း ယနေ့အထိ ထုတ်ဖော်မရေးဖြစ်သေးသူများလည်း များစွာရှိနေပါသေး၏။ တစ်ဦးချင်းစီ၏ရုပ်ပုံလွှာကို ရေးစရာတွေရှိနေပါ၏။ မိမိအထက်တန်းကျောင်းသားဘဝမှာ မြန်မာစာသင်ကြားပြသခဲ့သော ပျဉ်းမနားသူ၊ ဆရာမ ဒေါ်ခင်စောမူ၊ ဖြူဖြူချောချောနှင့် သဘောသကာယ အလွန်ပြည့်ဝသူ၊ စာသင်ကောင်းလှသည့် မြန်မာစာဆရာမ (စာရေးဆရာကြီး စိန်လွင်လေး၏နှမ ဖြစ်ပါသည်) မိမိရှစ်တန်းကျောင်းသားဘဝက ကင်းထောက်လူငယ်အသင်းကို ဦးစီးသင်ကြားခဲ့ပြီး ရှေးဦးသူနာပြုနည်း၊ ကြိုးချည်နည်း၊ တောတွင်းစခန်းချနည်း စသည်တို့သင်ပြခဲ့သည့်အပြင် ပရဟိတလက်တွေ့လုပ်ငန်းနှင့် တောင်တက်ခြင်း စသည်လေ့ကျင့်ပေးခဲ့ကြသည့် ဆရာဦးသန်းနိုင်၊ ဆရာ ဦးအောင်စန်းရည်၊ ပထဝီဝင်သင်ပြသည့် ဆရာ ဦးအုန်းကြည်၊ အင်္ဂလိပ်စာဆရာဦးအောင်သန်း၊ မန္တလေးတက္ကသိုလ် စိတ်ပညာဌာနမှ ဆရာကြီး ဦးအုန်းဖေ(MA.Ms,BL.) (ဂုဏ်ထူး)၊ ဆရာကြီး ဦးခင်မောင်သန်း(စိတ်ပညာ) အစရှိသော ဆရာများ၏ တစ်ဦးချင်းစီက မိမိကို လူတစ်လုံးသူတစ်လုံးဖြစ်လာစေရန် ပခုံးပေါ်ထမ်းတင်ပေးသည့် ပမာ အမိအဖနှင့်မခြား သွန်သင်ဆုံးမကြင်နာကြသည့် ကျေးဇူးရှင် ဆရာသခင်များပါတည်း။

စစ်မှုထမ်းဘဝတွင် ရေစက်ဆုံခဲ့ရသော ဆရာသမား ကြည်း ၇၀၈၆ ဗိုလ်ချုပ်အေဘယ်(၁၉၃၅-၂၀၁၉)၊ ဗိုလ်မှူးကြီးထွန်းဦး၊ ဗိုလ်မှူးကြီး သူရကျော်စွာ၊ ဗိုလ်မှူးကြီးမင်းဒင်၊ ဗိုလ်မှူးကြီးနေမျိုး၊ ဗိုလ်မှူးကြီး တင်ထွန်း(ဖောင်ကြီး ဗဝတ ကျောင်းအုပ်ကြီး)၊ ဗိုလ်ချုပ်စန်းအောင်၊ ဗိုလ်ချုပ်အောင်သိန်း (ပြန်ကြားရေး ဒုတိယဝန်ကြီး)၊ ဗိုလ်ချုပ်ကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးမြင့်ဆွေ (ဒုတိယသမ္မတ) စသည့် ဆရာသမားကောင်းများ၊ ကျေးဇူးပြုခဲ့သူများဖြစ်ကြလေသည်။

စစ်မှုထမ်းဟောင်းဘဝ အရပ်ဘက်မှာ တာဝန်ယူရစဉ် သား၊ သမီးသုံးယောက်ကို ပညာဆက်သင်ပေးနိုင်အောင် မိမိမှာနွမ်းပါးမပြည့်စုံဖြစ်နေစဉ် သိမြင်ကြသဖြင့် ထိုစဉ်က ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းကြည်က ကားဟောင်းတစ်ပတ်ရစ်ကား နှစ်စီး ဝယ်ခွင့်ပြုပေးခြင်း၊ ဆက်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဇော်က ကြိုးဖုန်းတပ်ဆင်ခွင့်ပေးခဲ့ခြင်း စသည့် ဖေးမစောင့်ရှောက်ကြသဖြင့် အသက်ရှူချောင်ခဲ့ရပါသည်။

စာပေနယ်တွင် မိမိအပေါ် လက်တွဲခေါ်ယူသင်ကြားပြသပေးခဲ့ကြသော ဆရာကြီး သော်တာဆွေ၊ ဆရာ ရှုမဝမောင်ဆွေတင့်၊ မောင်မြင့်မြတ်၊ တက္ကသိုလ်ဘုန်းနိုင်၊ လယ်တွင်းသားစောချစ်၊ တက္ကသိုလ် ဟန်ဝင်းအောင်၊ နတ်နွယ်၊ မောင်မြင့်ကြွယ်၊ မောင်ဆုရှင်၊ မောင်ဝံသ၊ မလေးလုံ၊ ချစ်စံဝင်း၊ ဗိုလ်ချုပ်ကြည်အောင်၊ ဒေါက်တာကျော်စိန်၊ ဦးလေးမြိုင်၊ ပျော်ဘွယ်စိုးမြင့်အောင်၊ အောင်ပြည့်၊ မြတ်ခိုင် အစရှိသော ဆရာသမားများ၏ ကြီးမားသောကျေးဇူးတရားများကို မမေ့ပါ။

မိမိထက်အသက်ကြီးသူ၊ ဝါရင့်သူ၊ ပညာမြင့်သူမှသာ မဟုတ်ပါ။ လုပ်ဖော်ကိုင်ဖက်များ၊ မိမိထက်အသက်ငယ်ရွယ်သော်လည်း မိမိအပေါ် စာနာဖေးမ၊ ကူညီအားပေးခဲ့ကြသူတွေကား မနည်းလှပေ။တစ်ဦးချင်းစီ၏ ကြင်နာမှု၊ လေးစားမှု၊ အားပေးမှုများကို လေးစားတန်ဖိုးထားပါ၏။

စာဖတ်သူများ ဆက်လက်ဖတ်ရှုစေလိုသော ဆရာ့ ဆရာများမှာ ဆရာမောင်ခင်မင်(ဓနုဖြူ)၏ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ မှတ်မှတ်သားသား ဖော်ပြထားသည့် ဆရာ၊ ဆရာမ အယောက် ၄၀ အကြောင်း **"အမှတ်တရဖြစ်ရပ်၊ အမှတ်တရ စကား"** စာအုပ်ဖြစ်ပေသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာမှာ ပညာရပ်ဝန်းစာပေ၊ ဒေါ်ခင်ဆွေဦးက ထုတ်ဝေခဲ့လေသည်။ ယခုမိတ်ဆက်ပေးချင်သည်မှာ အခြေခံပညာအဆင့် ဆရာပညာသင်ယူခဲ့စဉ်က ဆရာ၊ ဆရာမ လေးယောက်နှင့်ဖြစ်ပါသည်။

**၁။ ဗဟန်းအလကတွင် အထွေထွေသိပ္ပံသင်ပြခဲ့သော ဆရာမ ဒေါ်သန်းနွယ်**

**၂။ ဗဟန်း အလက ကျောင်းအုပ်ဆရာမကြီး ဒေါ်ပုလေး**

**၃။ အထက(၁) ဗဟန်း၊ သင်္ချာဆရာ ဦးတင်စိန်နှင့်**

**၄။ ဗဟန်းအထက၊ မြန်မာစာဆရာ ဦးအောင်သန်းတို့ပါ။**

**ဆရာမ ဒေါ်ခင်သန်းနွယ်**

မောင်ခင်မင်(ဓနုဖြူ)၏ အမည်ရင်းမှာ ဦးခင်အေးဖြစ်ပါသည်။ ဆောင်းပါးများရေးသည့်အခါ သိပ္ပံမောင်ဝက သူ၏ဇာတ်လိုက်ကို မောင်လူအေးဟု ခေါ်ဝေါ်သကဲ့သို့ ဆရာကြီး ဒေါက်တာခင်အေးကလည်း ဆောင်းပါးထဲမှာ သူ့ကိုယ်သူ"မောင်ရေအေး" အမည် ခေါ်ဝေါ်၍ ရေးလေ့ရှိပေသည်။ ထိုမောင်ရေအေး ဗဟန်းအလကမှာ ပညာသင်ယူနေစဉ်မှာ အသက် ၂၀ အရွယ်လောက်သာရှိသော ဆရာမ ဒေါ်သန်းနွယ်က အထွေထွေသိပ္ပံဘာသာ သင်ပြပါ

ယောက်ျားလေးအတန်းပါ။ စာလိုက်ရေးနေသော မောင်ရေအေးက မျက်လုံးလှန်ပြီး ဆရာမကို တစ်ချက်မော့ကြည့်လိုက်၏။ "Except မောင်ရေအေး" ဟု ထပ်ဖြည့်ပြောလိုက်သည်။ ဝါးလုံးရှည်နှင့် သိမ်းမရိုက်ပေ။ စာကြိုးစားသူကို စိတ်ခတ်မသိမ်ငယ်အောင် သတိထားသော ဆရာမ ဒေါ်သန်းနွယ်။

**ကျောင်းအုပ်ဆရာမကြီး ဒေါ်ပုလေး**

ဗဟန်းအစိုးရအလကကို "ဒေါ်ပုလေးကျောင်း" ဟုသာ ခေါ်ကြသည်။ ဒေါ်ပုလေး၏ ဟိတ်နှင့်ဂုဏ်သတင်းကား ဤအချက်ဖြင့်ပင် လူရှိသေ ရှင်ရိုသေဖြစ်ကြောင်း ထင်ရှားပါ၏။ ဆရာမကြီးက လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများ၊ တပည့်များကို နွေးနွေးထွေးထွေး ဆက်ဆံလေ့ရှိသည်။ စည်းကမ်းကြီးသော်လည်း ဆူဆူပူပူမလုပ်ပေ။ ချီးကျူးရမည့်ကျောင်းသားကို အများရှေ့မှာ ထုတ်ဖော်ချီးကျူးသည်။ အပြစ်ရှိသည့် ကျောင်းသားကိုလည်း အများရှေ့တွင်ကြိမ်လုံးနှင့်ရိုက်၍ ဆုံးမသည်။

အိမ်ထောင်မရှိ၊ လူလွတ်ဖြစ်သည်။ ဆင်းရဲသူကျောင်းသားကို စတိုင်ပင်(ထောက်ပံ့ကြေး)တစ်လခုနစ်ကျပ်ရအောင် ထောက်ခံပေးသည်။ သတ္တမတန်းမှာ စာတော်သော ကျောင်းသားကို ပညာသင်ဆု(စကောလားရှစ်)ရရန် စာမေးပွဲဖြေခွင့်ပေးသည်။ ပညာသင်ဆု တစ်လ ၁၅ ကျပ်ရသည်။ မောင်ရေအေးက စကောလားရှစ်စာမေးပွဲ အောင်သည်၊ ရန်ကုန်ခရိုင်မှာ အမှတ်အများဆုံး (ပထမ)ရခဲ့သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌လည်း မောင်ရေအေးက မြန်မာစာဂုဏ်ထူး၊ သင်္ချာဂုဏ်ထူးနှင့် နှစ်ဘာသာဂုဏ်ထူးရပြီး အောင်ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး

**❖ ဆရာကြီးရေးသည့် "အမှတ်တရဖြစ်ရပ်၊ အမှတ်တရစကား" ဟူသော စာအုပ်(၂၀၂၃ ခုနှစ် ဒီဇင်ဘာလထုတ်)ကို တစိမ့်စိမ့်ဖတ်ရင်း ဆရာ့ဆရာများအကြောင်း ပြန်ပြောင်းဖောက်သည်ချလိုစိတ်ပေါ်လာခဲ့ပါ၏။ ဆရာဆိုသည်မှာ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ဖြစ်ပါသည်။ ဆရာ့ဆရာများဆိုသည်မှာ ထိုစာအုပ်တွင် ရေးသားဖော်ပြထားသည့် ဆရာကြီး၏ မူလတန်းအရွယ်မှ တက္ကသိုလ်ကျောင်းသား၊ တက္ကသိုလ်ဆရာဘဝအထိ သူ၏ကျေးဇူးရှင်ဆရာများက ပြောကြားခဲ့သည့် အဆုံးအမ သဘောထား စသည်တို့ကို မိတ်ဆက်မျှဝေလိုခြင်းပါတည်း။ ❖**

သည်။ ဆရာမက အသက်ငယ်ရွယ်သော်လည်း တည်တည်ကြည်ကြည်၊ မှန်မှန်ဖြောင့်ဖြောင့် နေတတ်သူဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများက လေးစားရိုသေကြပေသည်။ အထွေထွေသိပ္ပံဘာသာကို တပည့်များ နားရှင်းလွယ်ကူအောင် သင်ပြတတ်၏။

မောင်ရေအေးက အမြင်အာရုံချို့တဲ့သော်လည်း စာကို ကြိုးစားကြောင်း ဆရာမ သတိပြုမိသည်။ စာမေးတိုင်းမှာ ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်သည်ကို သဘောကျသည်။

တစ်ခါမှာ ဆရာမမေးသော ကျောင်းသားများက တစ်ယောက်မှမှန်ကန်အောင် မဖြေနိုင်သဖြင့်စိတ်ဆိုး၍ ဆူပူသည်။ မင်းတို့အားလုံး ထဘီဝတ်ထားဖို့ကောင်းတယ်ဟု ဒေါသဖြင့် ပြောလိုက်သည်။


ဒေါ်ပုလေးက မောင်ရေအေး တက္ကသိုလ်တက်ခါနီး တစ်နေ့မှာ ဆရာမကြီးက ခေါ်သည်ဆိုသဖြင့် သွားတွေ့ရာ ငွေတစ်ရာ ထုတ်ပေးသည်။ "မင်းကို ဆရာမကြီးတို့က ဂုဏ်ပြုတာပါ"ဟု ဝမ်းသာစကား ပြောသည်။

**ဗဟန်းအထက(၁)၊ ဆရာ ဦးတင်စိန်**

ဗဟန်းအထက(၁)မှာ ကျောင်းဆရာသားအဖရှိလေသည်။ အဖေက သမိုင်းသင်သော ဆရာဦးတင်၊ သားက သင်္ချာသင်သော ဦးတင်စိန်၊ ဦးတင်စိန်က B.Sc အောင်ပြီး အထက်တန်းပြဆရာဖြစ်လာသည်။ ဆရာ ဦးတင်ကော၊ ဆရာ ဦးတင်စိန်ပါ သူတို့သင်သည့်ဘာသာကို ပိုင်နိုင်ကောင်းမွန်စွာ ကျောင်းသားနားလည်ရှင်းလင်းအောင် သင်ပြတတ်ကြ၏။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကလေးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၉၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်သီးစိုက်ခင်းကို တွေ့ရစဉ်။

ကလေး ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် ကလေးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၉၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၀၁၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၁၉၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ မုန်လာထုပ်၊ ကိုက်လန်၊ ခရမ်းချဉ်စတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစေရန် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

တစ်ခါတော့ ဆရာဦးတင်စိန်က အက္ခရာသင်္ချာ တစ်ပုဒ်ပေးသည်။ "အရင်ဆုံးလာပြတဲ့သူကို မှန်ရင် ဆယ်ပြားပေးမယ်ဟေ့"ဟု ပြောသည်။ မောင်ရေအေးက ပထမဦးဆုံးလာပြသည်။ "မြန်လှချည်လား"ဟု ပြောသည်။ သေချာစွာစစ်ကြည့်ပြီး "မင်းတွက်နည်းက ပိုကောင်းတယ်ကွ"ဟုဆို၏။ လေ့ကျင့်ခန်းစာအုပ်မှာ "ဆယ်ပြား"ဟု ရေးပေးလိုက်သည်။

**မြန်မာစာဆရာ ဦးအောင်သန်း**

မောင်ရေအေး တက္ကသိုလ်ဝင်တန်းရောက်တော့ ဆရာဦးအောင်သန်းကို မြန်မာစာဆရာအနေနှင့်ဆုံရသည်။ အသက် ၂၅-၃၀ အတွင်းသာရှိဦးမည်။ ကဗျာပန်းကုံးနှင့် ဒေဝကုမ္မာန်ပြဇာတ်ကို သင်သည်။ တပည့်များ သဘောကျကြသည်။ ၁၉၅၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အထက(၁)ဗဟန်းမှ ကျောင်းသားဦးရေ ၃၆၀ ဖြေကြသည်။

မောင်ရေအေးတစ်ယောက်တည်းသာ အောင်သည်။ မြန်မာစာ၊ သင်္ချာ ဂုဏ်ထူးပါသည်။ မြန်မာတစ်ပြည်လုံး မြန်မာစာ အမှတ်အများဆုံး(ပထမ)ရသဖြင့် မြန်မာစာသင်သော ဆရာ ဦးအောင်သန်းနှင့် ဆရာမ ဒေါ်ကြည်ကြည်လှတို့က အထူးဝမ်းသာကြသည်။ တပည့်တော်ခြင်းမှာ တကယ်တော့ ထိုဘာသာသင်ကြားပေးသည့် ဆရာလည်းတော်၍သာ မဟုတ်ပါလား။ တပည့်အတွက် ဆရာ၊ ဆရာမလည်း ဂုဏ်တက်စေပါတကား။

နောင်အခါ ဆရာက ဩစတြေးလျကို ပညာသင်သွားရန် ရွေးချယ်ခံရသည်။ ဆစ်ဒနီတက္ကသိုလ်က Dip.Ed. နှင့် M.Ed ဘွဲ့များရခဲ့လေသည်။ အထက်တန်းကျောင်းအုပ်ကြီး၊ ဆရာအတတ်သင်ကျောင်း၊ ကျောင်းအုပ်ကြီးတာဝန်များ ထမ်းဆောင်သွားခဲ့သည်။ တက္ကသိုလ်ဝင်တန်းမှာ စာတော်သော ကျောင်းသားတစ်ဦးကို ဆရာ ဦးအောင်သန်းသည် အဆက်မပြတ် ကူညီစောင့်ရှောက်ခဲ့လေသည်။ ဥပမာ မောင်ရေအေး ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးတန်းတက်နေစဉ် အပြင်အလွတ်ပညာသင်ကျောင်းတစ်ခုမှာ စာသင်ပြဖို့ ကူညီပေးခဲ့လေသည်။ မောင်ရေအေးကို ကျောင်းစရိတ်ရအောင် စီစဉ်ခဲ့ခြင်းပင်။

တစ်ခါသော် ဆရာကြီးဒေါက်တာခင်အေး အငြိမ်းစားယူပြီး အထက(၁)ဗဟန်းကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ သွားတက်သောအခါ ငယ်စဉ်က သူ့ဆရာဦးအောင်သန်းကို ရဟန်းသံဃာ အရှင်ဣန္ဒဝံသအနေနှင့်ပါ ဖူးမြင်ဦးခိုက်ရလေသည်။ ဒေးစွန်ပါရွှေမြင်းမိုရ်ပရိယတ္တိစာသင်တိုက်မှာ အေးချမ်းစွာသီတင်းသုံးနေကြောင်း သိရသည်။ "ကိုယ့်အတွက်ပါအောင်လုပ်အုံး"ဟု ဩဝါဒစကားပါးလေသည်။

# မျက်လုံး အဘိဓာန်

- လောဘကြောင့် သင့်မျက်လုံး
  အမှောင်ဖုံး ရပြီကွယ်၊
  အကြင်နာ မေတ္တာတရား
  ခေါင်းပါးလှတယ်၊
  စာနာစိတ် ကင်းလို့ရယ်
  မေတ္တာပြယ် ဆိတ်သုဉ်း၊
  လူတိုင်းကို မစောင်းငဲ့
  အကြောင်းမဲ့မုန်း။

- ဒေါသကြောင့် သင့်မျက်လုံး
  အမျက်ဖုံး စိတ်ကြွလာ၊
  ရန်လိုနေ သောကမီးတို့
  ဖိစီးရရှာ။
  စိတ်ထောင်းပြီး ကိုယ်ကြေကာ
  လိုနေတာ မပြည့်ဝ၊
  လူတိုင်းကို ကောင်းကျိုးမပေး
  ဝေးဝေးရှောင်ကြ။

- မောဟကြောင့် သင့်မျက်လုံး
  ရမ္မက်ဖုံး အခက်ပွေ၊
  ဆင်ခြင်ဉာဏ် မရှိတော့
  အသိမဲ့နေ၊
  မိုက်စိတ်တို့ လွှမ်းမိုးလေ
  လမ်းဆိုးတွေ အထပ်ထပ်၊
  လောကဓံ ဒုက္ခတောမှာ
  မောရမည်မှတ်။

- မေတ္တာနှင့် မုဒိတာ
  ကရုဏာ ထိုမျက်လုံး၊
  ဝန်းကျင်ကို ကောင်းကျိုးပေးလို့
  အေးမြရွှင်ပြုံး။ ။

မောင်လူစိုး

# သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သရက် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းအိုင့်ကျေးရွာအုပ်စု စမ်းအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရှိစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စမ်းအိုင့်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များဆွေးနွေးမှာကြားခဲ့သည်။

စမ်းအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ဆက်လူ

# အရေးယူပိတ်ဆို့မှုအသစ်များ ထပ်မံကြေညာမည့် အမေရိကန်၏အစီအစဉ်ကို အီရန်အစိုးရဝေဖန်

**တီဟီရန် ဩဂုတ် ၂၃**

အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု အသစ်များထပ်မံကြေညာမည့် အမေရိကန်နိုင်ငံ၏အစီအစဉ်ကို အီရန်အစိုးရက ဩဂုတ် ၂၂ ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံအပေါ် ထပ်မံပြဌာန်းမည့် စီးပွားရေးအရေးယူပိတ်ဆို့မှုများကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ဩဂုတ် ၂၄ ရက်တွင် ကြေညာရန် စီစဉ်ထားသည်။

အီရန်နိုင်ငံအပေါ် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးအရေးယူပိတ်ဆို့မှုများ ချမှတ်ပြဌာန်းမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ဩဂုတ် ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များ ထပ်မံကြေညာမည့် အမေရိကန်အစိုးရ၏ အစီအစဉ်သည် ကုလသမဂ္ဂအဖွဲ့ဝင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအပေါ် နယ်စည်းကျော်အာဏာကျင့်သုံးမှုဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ်ဘာဂဟာအီက ဝေဖန်ပြောကြားထားသည်။

ထို့ပြင် အမေရိကန်အစိုးရ၏ ထပ်ဆင့်အရေးယူ ပိတ်ဆို့မှုများသည် နိုင်ငံတကာတရားဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း အစ္စမေးလ် ဘာဂဟာအီက ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုအသစ်များကြောင့် အီရန်နိုင်ငံ၏စီးပွားရေးအပေါ် ဖိအားသက်ရောက်မှု ပိုမိုကြီးမားလာမည်ဖြစ်ပြီး တရုတ်နိုင်ငံအပါအဝင် အီရန်၏ ကုန်သွယ်ရေးမိတ်ဖက်များအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှား၏စီးပွားရေးပစ်မှတ်များကို တိုက်ခိုက်ခြင်းက ပြဿနာပေါင်းများစွာ ယူကရိန်းဖန်တီးလိုက်ကြောင်း သမ္မတပူတင် ပြောကြား



**မော်စကို ဩဂုတ် ၂၃**

ရုရှား၏ စီးပွားရေးပစ်မှတ်များကို တိုက်ခိုက်ခြင်းက ယူကရိန်းအစိုးရသည် ပြဿနာပေါင်းများစွာကို ဖန်တီးလိုက်ကြောင်း ရုရှားသမ္မတပူတင်က ဩဂုတ် ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းအစိုးရ၏ လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်း၏ အရေးကြီးဆုံးစီးပွားရေးကဏ္ဍများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်ကြောင်းလည်း ရုရှားသမ္မတပူတင်က သတိပေးပြောကြားထားသည်။

ယူကရိန်းနိုင်ငံသည် ယခုနှစ်နွေရာသီအတွင်း ရေနံချက်လုပ်ငန်းများ၊ အွန်လိုင်းလက်လီဖြန့်ဖြူးရောင်းချရေး ကုမ္ပဏီများ၏ ကုန်လှောင်ရုံများအပါအဝင် ရုရှားစီးပွားရေး ပစ်မှတ်များကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပိုမိုတိုက်ခိုက်လာခဲ့သည်။

ယူကရိန်း၏ အဆိုပါတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ရုရှားတပ်မတော်ကလည်း ယူကရိန်းစီးပွားရေး အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခဲ့သည်။

ယူကရိန်းအစိုးရအနေဖြင့် ရုရှားစီးပွားရေးကို ဖျက်ဆီးရန် ကြိုးပမ်းမှုသည် နောက်ဆက်တွဲ ပြဿနာများစွာကို ဖန်တီးလိုက်သည့် သဘောဖြစ်သည်ဟု ရုရှားသမ္မတပူတင်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပနားမားမှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စီး အိန္ဒိယနိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်

**ဒေလီ ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ပနားမားမှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ပြီးနောက်အိန္ဒိယရေတပ်နှင့် ကမ်းခြေစောင့်တပ်တို့က ယနေ့တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်အတွင်း အိန္ဒိယရေတပ်နှင့် ကမ်းခြေစောင့်တပ်တို့က ထိုကုန်တင်သင်္ဘောပေါ်၌ လိုက်ပါလာသူ သင်္ဘောသားများအနက် တရုတ်နိုင်ငံသားနှစ်ဦးကို ကယ်တင်ထားနိုင်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အိုးရှင်းဝင်းနား ကုန်တင်သင်္ဘောသည် ဩဂုတ် ၂၁ ရက်တွင် ရုတ်တရက် တိမ်းစောင်းခဲ့ပြီးနောက် ရှစ်မိနစ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အိုးရှင်းဝင်းနား သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်းများအဖြစ် တရုတ်နိုင်ငံသား ဦးရေ ၂၀၊ မြန်မာနိုင်ငံသား သုံးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးတို့ လိုက်ပါလာကြောင်း အိန္ဒိယရေတပ်က သတင်းထုတ်ပြန်ထားသည်။

အိုးရှင်းဝင်းနား သင်္ဘောသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ပါရာဒစ်ပ်ဆိပ်ကမ်းမှထွက်ခွာလာပြီး စင်ကာပူနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် သင်္ဘောနစ်မြုပ်ရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး ပျောက်ဆုံးနေသူ ၂၂ ဦးကိုလည်း ဆက်လက်ရှာဖွေနေဆဲဖြစ်သည်ဟု အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ဆီးရီးယားနိုင်ငံကို အစ္စရေးတပ်မတော် ထပ်မံတိုက်ခိုက်



**ဒမတ်စကတ်စ် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံက ဝေဖန်ပြောကြားထားသော်လည်း အစ္စရေးနိုင်ငံသည် ဩဂုတ် ၂၂ ရက်တွင် ဆီးရီးယားနိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အစ္စရေးတပ်မတော်က ဆီးရီးယားနိုင်ငံကို တိုက်ခိုက်နေမှုသည် တူကီယဲနိုင်ငံကိုရန်စလိုသည့် ရည်ရွယ်ချက်ရှိပုံရကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် တွမ်ဘာရက်ခ်က ယနေ့တွင် ထပ်မံပြောကြားထားသည်။

သို့ရာတွင် အမေရိကန်အထူးသံတမန် တွမ်ဘာရက်ခ်၏ အဆိုပါ ပြောကြားချက်များကို မသေချာသော စွဲချက်များအဖြစ် အစ္စရေး ကာကွယ်ရေးဝန်ကြီး အစ္စရေးလ် ကတ်ဇ်က ဩဂုတ် ၂၂ ရက်တွင် ပြန်လည်ပြောကြားထားသည်။

အစ္စရေးနိုင်ငံသည် ဩဂုတ် ၁၈ ရက်တွင် ဆီးရီးယားအနောက်မြောက်ပိုင်း အလက်ပိုမြို့အနီးရှိ အဘူအယ်လ်ဒူဟာ လေတပ်စခန်းဟောင်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေတပ်စခန်းဟောင်းတွင် တူကီယဲနိုင်ငံက စစ်ရေးအရ နေရာယူရန်စီစဉ်နေကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားပြီး ထိုပြောကြားချက်ကို ဆီးရီးယားအစိုးရက ငြင်းပယ်ခဲ့သည်။

အစ္စရေးနှင့် တူကီယဲနိုင်ငံတို့သည် ဂါဇာကမ်းမြောင် စစ်ရေးပဋိပက္ခနှင့် ပတ်သက်၍ ဆက်ဆံရေးတင်းမာနေသော နိုင်ငံများဖြစ်ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# အီရစ်ထရီးယားမှတ်ပုံတင် ရေနံတင်သင်္ဘောတစ်စီးကို ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲ

**မိုဂါဒစ်ရှူး ဩဂုတ် ၂၃**

ယီမင်နိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ဆိုမာလီ ပင်လယ်ဓားပြများက ရေနံတင်သင်္ဘောတစ်စီးကို ပြန်ပေးဆွဲခေါ်ဆောင်ခဲ့ကြောင်း ဆိုမာလီယာပင်လယ်ရေကြောင်းလုံခြုံရေး တာဝန်ရှိသူများက ဩဂုတ် ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆိုမာလီ ပင်လယ်ဓားပြများသည် အီရစ်ထရီးယားမှတ်ပုံတင် အမ်တီစီဘူ-၁ ရေနံတင်သင်္ဘောကို ဩဂုတ် ၂၀ ရက်တွင် ပြန်ပေးဆွဲခေါ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမ်တီစီဘူ-၁ ရေနံတင်သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများက ယီမင်ကမ်းရိုးတန်းကမ်းလွန် ရေမိုင် ၁၃၆ မိုင်အကွာတွင် ပြန်ပေးဆွဲခဲ့ပြီး ဆိုမာလီယာနိုင်ငံ ပွန့်တလန်းကမ်းရိုးတန်းသို့ ခေါ်ဆောင်သွားကြောင်း ယီမင် တာဝန်ရှိသူများက ပြောကြားထားသည်။

ဆိုမာလီ ပင်လယ်ဓားပြများ ပြန်ပေးဆွဲခဲ့သော အမ်တီစီဘူ-၁ ရေနံတင် သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်းအဖြစ် အိန္ဒိယနိုင်ငံသား ၁၆ ဦး၊ ဆီးရီးယားနိုင်ငံသားတစ်ဦး၊ ဆူဒန်နိုင်ငံသားတစ်ဦးတို့ လိုက်ပါလာကြောင်း သိရသည်။

အမ်တီစီဘူ-၁ ရေနံတင်သင်္ဘောသည် ဧပြီ ၂၂ ရက်မှစ၍ ဆိုမာလီ ပင်လယ်ဓားပြများ ဖမ်းဆီးခဲ့သော ဆဋ္ဌမမြောက် သင်္ဘောဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ-၇ လဆင်းယာဉ်ကို လွှတ်တင်ရန်စီစဉ်



**ပေကျင်း ဩဂုတ် ၂၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၇ လဆင်းယာဉ်ကို ဩဂုတ် ၂၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

ချန်အာ-၇ လဆင်းယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်း ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၅ ဝိုင်၁၄ ဒုံးပျံဖြင့်လွှတ်တင်မည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် ချန်အာ-၇ လပတ်အာကာသယာဉ်သည် လကမ္ဘာကို အတန်ကြာလှည့်ပတ်ပျံသန်းပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင် လဆင်းယာဉ်ကို လမျက်နှာပြင်ပေါ်သို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

လပတ်အာကာသယာဉ်မှ ခွာထွက်ပြီးချိန်တွင် ချန်အာ-၇ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ ရှက်လန်တန်ဥက္ကာချိုင့်ဝှမ်းအနားစွန်းသို့ ဆင်းသက်မည်ဖြစ်သည်။

လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ပြီးချိန်တွင် ချန်အာ-၇ လဆင်းယာဉ်သည် တစ်နေရာမှ တစ်နေရာသို့ ခုန်ပျံကူးသန်းနိုင်သည့် စက်ရုပ်ယာဉ်တစ်စင်းဖြင့် အမြဲတမ်းအရိပ်ကျနေတတ်သော လကမ္ဘာဥက္ကာချိုင့်ဝှမ်းများ၌ ရေခဲတတ်ကို ရှာဖွေမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အဆိုအရ ချန်အာ-၇ မစ်ရှင်ကို လဆင်းယာဉ်၊ လပတ်အာကာသယာဉ်၊ လမျက်နှာပြင်လေ့လာရေးယာဉ်နှင့် တစ်နေရာမှ တစ်နေရာ ခုန်ပျံသွားလာနိုင်သော စက်ရုပ်ယာဉ်ငယ် တစ်စင်းတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# အရေပြားကင်ဆာကာကွယ်ဆေးတစ်မျိုးကို Moderna ကုမ္ပဏီက စမ်းသပ်နေ

**နယူးယောက် ဩဂုတ် ၂၃**

အရေပြားကင်ဆာ (melano-ma) ကာကွယ်ဆေးတစ်မျိုးကို အမေရိကန်နိုင်ငံ အခြေစိုက် Mod-erna ဇီဝနည်းပညာကုမ္ပဏီက စမ်းသပ်နေကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Intismeran အမည်ရှိ အဆိုပါ စမ်းသပ်ဆဲ ကာကွယ်ဆေးသည် အရေပြား ကင်ဆာဆဲလ်များကို ရှာဖွေဖော်ထုတ်ရာတွင် လူ့ခုခံအားစနစ်ကို အထောက်အကူပြုနိုင်ပြီး ကင်ဆာကုထုံးများ၏ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါ ကာကွယ်ဆေးကို Keytr-uda ခေါ် ခုခံအားစနစ်ကုထုံးတစ်မျိုးနှင့် တွဲဖက်အသုံးပြုပါက လူနာများ၏ ကင်ဆာဆဲလ်များ ကင်းလွတ်မှုကာလကို ဆန့်ထုတ်ပေးနိုင်ပြီး အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကိုလည်း တားဆီးပေးနိုင်ကြောင်း သိရသည်။

Moderna ကုမ္ပဏီသုတေသနပညာရှင်များသည် ခွဲစိတ်ကုသမှု ခံယူထားပြီးဖြစ်သည့် အရေပြားကင်ဆာရောဂါလူနာ ၁၀၀၀ တို့ဖြင့် အထက်ပါ ကာကွယ်ဆေးကို စမ်းသပ်လျက်ရှိသည်။

စမ်းသပ်မှုမှပေါ်ထွက်လာမည့် အသေးစိတ်ရလဒ်များကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်ပြန်ကြေညာရန် Moderna ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အထက်ပါ စမ်းသပ်မှုမှပေါ်ထွက်လာသည့် ပဏာမရလဒ်များအရ Intismeran ကာကွယ်ဆေးကို Keytruda ကုထုံးနှင့် တွဲဖက်အသုံးပြုပါက အရေပြားကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ၄၉ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News


Trs : KKO

# နေအဖွဲ့အစည်းပြင်ပ ကျောက်သားဂြိုဟ်တစ်စင်းကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဩဂုတ် ၂၃**

ပုံမှန်မဟုတ်ဘဲ ဒြပ်ထုနှင့် သိပ်သည်းဆအလွန်ကြီးမားသော နေအဖွဲ့အစည်းပြင်ပ ကျောက်သားဂြိုဟ်တစ်စင်းကို အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်-မက်ဒီဆင် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

GJ 523 b ဟူ၍ အမည်ပေးထားသော အဆိုပါ ကျောက်သားဂြိုဟ်သည် အချင်းအားဖြင့် ကမ္ဘာဂြိုဟ်ထက် ၂ ဒသမ ၅ ဆပိုကြီးမားပြီး ဒြပ်ထုမှာ ကမ္ဘာဂြိုဟ်ဒြပ်ထုထက် ၂၃ ဆ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



GJ 523 b ကျောက်သားဂြိုဟ်၏ အရွယ်အစားနှင့် သိပ်သည်းဆတို့သည် ကျောက်သားဂြိုဟ်များ ဖွဲ့စည်းဖြစ်ပေါ်ပုံဆိုင်ရာ သီအိုရီများကို စိန်ခေါ်နေကြောင်း၊ GJ 523 b ဂြိုဟ်၏ သိပ်သည်းဆအရ ၎င်းဂြိုဟ်သည် အထိုက်အလျောက်သေးငယ်သော လေထုလွှာကို ပိုင်ဆိုင်ထားဖွယ်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ယူဆထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် GJ 523 b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ တက်စ်ဂြိုဟ်တုအကူအညီဖြင့် စတင်ရှာဖွေတွေ့ရှိခဲ့ပြီး မြေပြင်အခြေစိုက် ရေဒီယို တယ်လီစကုပ်များဖြင့် အသေးစိတ်လေ့လာနိုင်ခဲ့သည်။

GJ 523 b ဂြိုဟ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၁၇၀ မျှသာ ရှိသေးသော ကြယ်တစ်စင်းကို ၁၇ ဒသမ ၇၅ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေပြီး ဂြိုဟ်၏ သိပ်သည်းဆမှာ တစ်ကုဗလက်မလျှင် ၁၂၆ ဒသမ ၈၂ ဂရမ်ထိရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# တစ်ပတ်လျှင် တစ်ကြိမ်သာ ထိုးနှံ့ရန်လိုသည့် အင်ဆူလင်ထိုးဆေးတစ်မျိုး မကြာမီသုံးစွဲနိုင်မည်

**လန်ဒန် ဩဂုတ် ၂၃**

ပုံစံ-၂ဆီးချိုရောဂါခံစားနေကြရသည့်ဗြိတိန်ပြည်သူထောင်ပေါင်းများစွာတို့အနေဖြင့် တစ်ပတ်လျှင် တစ်ကြိမ်သာ ထိုးနှံ့ရန်လိုအပ်သည့် အင်ဆူလင်ထိုးဆေးတစ်မျိုးကို မကြာမီ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Efsitora alfa အမည်ရှိ အထက်ပါထိုးဆေးကို ပုံစံ-၂ ဆီးချိုလူနာများအတွက် အသုံးပြုခွင့်ပေးရန် ဗြိတိန်အစိုးရ ဆေးဝါးလုံခြုံရေး တာဝန်ရှိသူများက အတည်ပြုချက် ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Efsitora alfa ထိုးဆေးသည် တစ်ပတ်လျှင် တစ်ကြိမ်သာ ထိုးနှံ့ရန်လိုသော်လည်း နေ့စဉ်ထိုးနှံ့ရသည့် အင်ဆူလင်ထိုးဆေးများကဲ့သို့ပင် အင်ဆူလင်အဆင့်ကို ထိန်းပေးထားနိုင်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါလူနာ လေးဦးလျှင် တစ်ဦးသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့် ထိန်းထားနိုင်ရေးအတွက် အင်ဆူလင် ထိုးဆေးများအပေါ် အားပြုနေရခြင်း ဖြစ်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါသည် အစားအစာများထဲတွင် ပါဝင်သည့် သကြားဓာတ်ကို စွမ်းအင်အဖြစ်ပြောင်းလဲပေးသော အင်ဆူလင်ဟော်မုန်းများ လုပ်ငန်းလည်ပတ်နိုင်စွမ်း ထိခိုက်ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ရွှေ့လျားမျောလွင့်မှုနှုန်း အမြန်ဆုံးကြယ်တစ်စင်းကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

**ဘာလင် ဩဂုတ် ၂၃**

နဂါးငွေ့တန်းကြယ်စု၏ ရွေ့လျားမျောလွင့်မှုနှုန်း အမြန်ဆုံးကြယ်တစ်စင်းကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

ဂျာမနီနိုင်ငံ မက်ခ်ပလန့်ခ်အင်စတီကျူမှ သိပ္ပံပညာရှင်များ၏ အဆိုအရ အက်စ် ၃၀၁ အမည်ရှိ အဆိုပါကြယ်သည် တစ်စက္ကန့်လျှင် မိုင် ၁၅၅၀၀ အမြန်နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်၏ ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသ တွင်းနက်ကို လှည့်ပတ် ပျံသန်းနေကြောင်း သိရသည်။

အက်စ် ၃၀၁ ကြယ်၏ အထက်ပါ အမြန်နှုန်းသည် အလင်းရောင်အမြန်နှုန်း၏ ရှစ်ရာခိုင်နှုန်းနှင့် ညီမျှကြောင်း မက်ခ်ပလန့်ခ်အင်စတီကျူမှ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အက်စ် ၃၀၁ ကြယ်သည် ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်ကို ၈ ဒသမ ၇ နှစ်လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အက်စ် ၃၀၁ ကြယ်နှင့် ဆာဂျီတေးရီးယပ်စ် အေစတားအာကာသတွင်းနက်ကြား အကွာအဝေးမှာ နေနှင့်ကမ္ဘာကြား အကွာအဝေးထက် ၁၂ ဆမျှ ပိုဝေးကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် အက်စ် ၃၀၁ ကြယ်ကို ဥရောပတောင်ပိုင်းနက္ခတ္တရူပဗေဒလေ့လာရေးစခန်းမှ ဗွီအယ်လ်တီရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ယူရိုပီယမ် မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို အင်္ဂလန်လက်ဝှေ့သမား လစ်ဒက် ဆွတ်ခူး



**လန်ဒန် ဩဂုတ် ၂၃**

ယူရိုပီယမ် မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် စိန်ခေါ်ပွဲစဉ်အဖြစ် အင်္ဂလန်လက်ဝှေ့သမား လစ်ဒက်နှင့် အီတလီလက်ဝှေ့သမား မိုရီလိုတို့ ဩဂုတ် ၂၂ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ထိုးသတ်ခဲ့ရာ လစ်ဒက်က အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Ring Magazine သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုရီလိုသည် ရှစ်ချီမြောက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်အတွက် ၎င်း၏နည်းပြက ပုဝါဖြူထောင်ကာ အရှုံးပေးကြောင်း အချက်ပြခဲ့ပြီးနောက် လစ်ဒက်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

လစ်ဒက်သည် ပထမအချီမှစတင်၍ ပွဲကိုအကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပြီး မိုရီလိုကို တစ်ဖက်သတ် ဖိအားပေးထိုးသတ်ခဲ့သည်။

မိုရီလိုသည် ဖိအားအောက်မှ လစ်ဒက်ကို ထင်မှတ်မထားသည့် တုံ့ပြန်မှုများဖြင့် တန်ပြန်ထိုးသတ်ခဲ့သော်လည်း ထိရောက်မှုမရှိခဲ့သည့်အတွက် ၁၂ ချီပြည့်အောင် ထိုးသတ်ခဲ့ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လစ်ဒက်က "လက်ဝှေ့ပြိုင်ပွဲမှာ ပထမအချီကတည်းက ဖိအားပေးထိုးသတ်နိုင်မှ ရလဒ်ကောင်းလိမ့်မယ်။ ဒါကိုသိထားလို့ ပထမအချီစကတည်းက ဖိအားပေးထိုးသတ်နိုင်ဖို့ ကြိုးစားခဲ့တာပါ။ ဒီပွဲစဉ်ဟာ ကျွန်တော့်ပရိသတ်တွေကို အားရကျေနပ်မှုတွေပေးစွမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ ယူရိုပီယမ်ချန်ပီယံ တစ်ယောက်ဖြစ်ဖို့ ထိုက်တန်တယ်ဆိုတဲ့ စွမ်းဆောင်ရည်ပြသနိုင်ခဲ့တယ်လို့လဲ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Ring Magazine**
**Trs : AZL**

# စင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ကို ပီဂူလာ တက်ရောက်

**နယူးယောက် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံ စင်စင်နတီ ပြည်နယ်တွင် ကျင်းပနေသည့် စင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် လက်ရှိချန်ပီယံ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ခဲ့ရာ ပီဂူလာက (၇-၅၊ ၄-၆၊ ၆-၄ ) ရလဒ်ဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး ပီဂူလာက အနိုင်ရခဲ့သည်။

ဒုတိယပွဲငယ်တွင် စဝီယာတက်ခ်က ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပီဂူလာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပီဂူလာက "စဝီယာတက်ခ်နဲ့ ပြိုင်ပွဲ တော်တော်များများမှာ ဆုံဖူးပါတယ်။ သူနဲ့ကစားတိုင်း သိပ်ကို ခက်ခဲခဲ့ပါတယ်။ စဝီယာတက်ခ် ဘယ်လောက်ကောင်းသလဲဆိုတာ သူနဲ့ယှဉ်ပြိုင်ဖူးသူတိုင်းလဲ သိကြပါတယ်။ အခု ဒီပွဲစဉ်မှာ နှစ်ယောက်လုံး အကောင်းဆုံး ကစားနိုင်ခဲ့တယ်လို့ ခံစားမိပါတယ်။ ဒီပွဲစဉ်တစ်ပွဲတည်းမဟုတ်ပါဘူး။ လိုအပ်ချက်တွေပြည့်စုံနေလို့ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာလို့လဲ မြင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RTE**
**Trs : AZL**

# ဂျာမန်စူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကိုအနိုင်ရပြီး ဆုဖလားဆွတ်ခူး

**ဘာလင် ဩဂုတ် ၂၃**

ဂျာမန်စူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် အမှတ်ပေးဇယား ဒုတိယနေရာမှ ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




ဂျာမန် စူပါဖလားပြိုင်ပွဲကို ဂျာမန်ဘွန်ဒက်လီဂါ ချန်ပီယံနှင့် ဂျာမန် ပိုကယ်ဖလားချန်ပီယံတို့ ကစားရမည် ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ် အသင်းသည် အဆိုပါဆုဖလားနှစ်လုံး ဆွတ်ခူးခဲ့သည့်အတွက် ဘွန်ဒက်လီဂါပြိုင်ပွဲ အမှတ်ပေးဇယားအဆင့်(၂)မှ ဒေါ့မွန်အသင်းက ကစားခွင့်ရခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဒေါ့မွန်အသင်းကို ပွဲစကတည်းက ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၂၈ မိနစ်တွင် ဘရောင်းနှင့် ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုတစ်မိနစ်တွင် အိုလီဆီတို့က ဦးဆောင်ဂိုးများ သွင်းယူပြီး ပထမပိုင်းတွင် နှစ်ဂိုးဂိုးမရှိဖြင့် ဘိုင်ယန်မြူးနစ် အသင်းက ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ဒေါ့မွန်အသင်းက တိုက်စစ်ပိုင်း အပြောင်းအလဲပြုလုပ်ခဲ့ရာ ပွဲချိန် ၇၅ မိနစ်တွင် ဖေဘီယိုဆေးဗားက ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရကာ ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လူတွေ့စစ်ဆေးခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲမှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၃**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးသိန်းသန်းနိုင်က ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်များက ပြိုင်ပွဲနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပွဲစဉ်ဇယားရေးဆွဲပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၂၀၂၆ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုတို့အပြင် ဆုကြေးငွေများအဖြစ် နှစ်ယောက်တွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့အတွက် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ လေးယောက်တွဲပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်းဖြင့် ကျင်းမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Hyundai Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲပထမအကျော့တွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၃**

Hyundai Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဩဂုတ် ၂၂ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အိမ်ရှင်ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ကစားခဲ့ရာ ဗီယက်နမ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။



Hyundai Cup 2026 ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်ဖြစ်သော်လည်း ပြိုင်ပွဲစည်းမျဉ်းများအရ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများရှိခဲ့ကာ ဗီယက်နမ်အသင်းက ပိုမိုထိရောက်သည့် တိုက်စစ်ဆင်မှုများလုပ်ဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် ငုယင်ဟိုင်လောင်း၊ ပွဲချိန် ၆၉ မိနစ်တွင် ငုယင်ကွမ်ဟိုင်းတို့က ဗီယက်နမ် အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ထိုင်းအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ဗီယက်နမ်အသင်းက အမှားအယွင်းမရှိ ထိန်းချုပ်ကစားခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက အဝေးကွင်း၌ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့သည် ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဩဂုတ် ၂၆ ရက်တွင် ဗီယက်နမ်အသင်း အိမ်ကွင်း၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ရုရှားနိုင်ငံက Forpost ဒရုန်းများဖြင့် ဒုံးကျည်တပ်စစ်သင်္ဘောများထံ ပစ်မှတ်အချက်အလက်ပေးပို့နိုင်ရေး စမ်းသပ်လေ့ကျင့်ခဲ့



ရုရှားနိုင်ငံသည် ပစိဖိတ်ရေတပ်မှ စစ်သင်္ဘောများနှင့် Forpost ကင်းထောက်ဒရုန်းများ၊ တိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်များ ပူးပေါင်း၍ ရေကြောင်းပစ်မှတ်များကို ရှာဖွေဖော်ထုတ်ပြီး ၎င်းပစ်မှတ်များ၏ တည်နေရာအချက်အလက်ကို ဒုံးကျည်တပ်စစ်သင်္ဘောများထံ ပေးပို့နိုင်ရေး အိုခေါ့စ်ပင်လယ်၊ ဂျပန်ပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းရေပြင်များတွင် စစ်ရေးစမ်းသပ်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း Defense Express က ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုတွင် Forpost ဒရုန်းများက ရန်သူ၏ ရေကြောင်းပစ်မှတ်များကို အဝေးမှ ရှာဖွေခြင်း၊ ပစ်မှတ်အမျိုးအစားကို ခွဲခြားသတ်မှတ်ခြင်းနှင့် တည်နေရာအချက်အလက်ရယူခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထို့နောက် ရရှိလာသည့် ပစ်မှတ်တည်နေရာအချက်အလက်များကို ရုရှား၏ ဒုံးကျည်တပ်စစ်သင်္ဘောများထံပေးပို့ပြီး ပစ်ခတ်တိုက်ခိုက်နိုင်ရန် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

လေ့ကျင့်မှုအတွင်း Forpost ဒရုန်းများက ရန်သူ့ကမ်းတက်တိုက်ခိုက်ရေးသင်္ဘောများအပါအဝင် ပုံဖော်ထားသည့် ရေကြောင်းပစ်မှတ်များကို ရှာဖွေသတ်မှတ်ခဲ့ပြီးနောက် Bastion ကမ်းခြေကာကွယ်ရေးဒုံးကျည်စနစ်မှ Oniks ဒုံးကျည်များနှင့် Project 1234 Ovod အမျိုးအစား ဒုံးကျည်တပ်ရေယာဉ်ငယ်မှ Uran သင်္ဘောဖျက်ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ရုရှားနိုင်ငံက ဖော်ပြထားသည်။

၎င်းလေ့ကျင့်မှု၏ အရေးပါသည့်အချက်မှာ ပစ်မှတ်ရှာဖွေသည့် ဒရုန်းနှင့် ပစ်ခတ်တိုက်ခိုက်သည့် ဒုံးကျည်စနစ်များ၊ စစ်သင်္ဘောများကို တစ်ဆက်တည်း ချိတ်ဆက် အသုံးပြုနိုင်ရေးဖြစ်သည်။ ယခင်က ပစ်မှတ်ရှာဖွေခြင်းနှင့် ဒုံးကျည်ပစ်ခတ်ခြင်းတို့ကို သီးခြားလုပ်ဆောင်ရသော်လည်း ယခုစနစ်တွင် ဒရုန်းက အဝေးမှ ပစ်မှတ်ကို ရှာဖွေသတ်မှတ်ပြီး တည်နေရာအချက်အလက်ကို တိုက်ခိုက်မည့်အဖွဲ့ထံ ပေးပို့နိုင်ရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် ပစ်မှတ်ကို မြင်တွေ့နိုင်သည့် အကွာအဝေးထက် ပိုမိုဝေးသောနေရာမှပင်ရှာဖွေပြီး တိုက်ခိုက်နိုင်ရန် အခွင့်အလမ်းရရှိလာနိုင်သည်။

ယခုလေ့ကျင့်မှုတွင် ဒရုန်းပစ်မှတ်အချက်အလက်နှင့် ဒုံးကျည်တပ်စစ်သင်္ဘောတို့ ချိတ်ဆက်လုပ်ဆောင်ပုံကို လက်တွေ့စမ်းသပ်ခဲ့ခြင်းကြောင့် ရုရှားရေတပ်၏ ပစ်မှတ်ရှာဖွေခြင်းနှင့် တိုက်ခိုက်ခြင်းလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်။ အထူးသဖြင့် ဒရုန်းများကို ရှေ့တန်းသို့ အန္တရာယ်များစွာ ဝင်ရောက်စေခြင်းမပြုဘဲ အဝေးမှ ပစ်မှတ်ရှာဖွေစောင့်ကြည့်စေပြီး ရရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ အခြားလက်နက်စနစ်များက တိုက်ခိုက်ခြင်းသည် မောင်းသူမဲ့လေယာဉ်များ၏ အရေးပါမှုကို ပိုမိုမြင့်တက်စေသည်။

၎င်းအခြေအနေသည် ရုရှားက မောင်းသူမဲ့လေယာဉ်များကို ကင်းထောက်ရန်အတွက်သာ အသုံးပြုခြင်းမဟုတ်ဘဲ ရေတပ်၏ တိုက်ခိုက်ရေးစနစ်များနှင့် တိုက်ရိုက်ချိတ်ဆက်အသုံးပြုရန် ကြိုးပမ်းနေကြောင်းလည်း ပြသသည်။ အထူးသဖြင့် ရေပြင်ကျယ်များတွင် ပစ်မှတ်များကို အမြန်ရှာဖွေသတ်မှတ်ရန် ဒရုန်းများ၏ အားသာချက်ကို အသုံးချနိုင်ပြီး ရရှိသည့်အချက်အလက်များကို ကမ်းခြေရှိ ဒုံးကျည်တပ်စစ်သင်္ဘောများနှင့် ပင်လယ်ပြင်ရှိ စစ်သင်္ဘောများထံ ပေးပို့နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ယခုလေ့ကျင့်မှုသည် ရုရှားရေတပ်အနေဖြင့် ဒရုန်းများကို ကင်းထောက်ရေးအတွက်သာမက ပစ်မှတ်ရှာဖွေခြင်းမှ ဒုံးကျည် ပစ်ခတ်တိုက်ခိုက်ခြင်းထိ တစ်ဆက်တည်း ချိတ်ဆက်အသုံးပြုနိုင်သည့်စနစ်တစ်ရပ်ဖော်ဆောင်ရန် ကြိုးပမ်းနေကြောင်း ပြသသည်။ Forpost ဒရုန်းများက ရေကြောင်းပစ်မှတ်များကို ရှာဖွေပေးပြီး Bastion စနစ်မှ Oniks ဒုံးကျည်များ သို့မဟုတ် Uran ဒုံးကျည်တပ်စစ်သင်္ဘောများက တိုက်ခိုက်နိုင်သည့်ပုံစံသည် ရေကြောင်းစစ်ဆင်ရေးတွင် မောင်းသူမဲ့လေယာဉ်နှင့် တာဝေးပစ်လက်နက်စနစ်များ ပေါင်းစပ်အသုံးပြုမှု ပိုမိုအရေးပါလာနေခြင်းကို ထင်ရှားစွာ ဖော်ပြနေကြောင်း သိရသည်။

**Russia Tests How Forpost Drones Could Find Targets For Bastion Missile Systems and Uran-Capable Warships ကို ဘာသာပြန်ဆိုထားပါသည်။**

---

# အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီက လေကြောင်းရန်ကာကွယ်ရေးစနစ်သစ် Raid Hunter ကို ထုတ်ဖော်ပြသ

အမေရိကန်၏ ကာကွယ်ရေးကုမ္ပဏီ Northrop Grumman သည် စစ်ဘက်အခြေစိုက်စခန်းများနှင့် အရေးပါသည့် အခြေခံအဆောက်အအုံများ အနီးတွင် ဖြစ်ပေါ်လာနိုင်သည့် ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများက အနီးကပ်အကွာအဝေးမှ တန်ပြန်ရန် ရည်ရွယ်သည့် 50mm အမြောက်အခြေပြု လေကြောင်းရန် ကာကွယ်ရေးစနစ်သစ် Raid Hunter ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Northrop Grumman ၏ ထုတ်ပြန်ချက်အရ အဆိုပါ Raid Hunter စနစ်တွင် XM913 Bushmaster III Chain Gun ကို အသစ်တီထွင်ထားသည့် တိကျစွာ လမ်းညွှန်ထိန်းချုပ်နိုင်သော 50mm ကျည်များနှင့် တိုက်ပွဲအတွင်း စီမံခန့်ခွဲမှုအတွက် ကွန်ရက်ချိတ်ဆက်ထားသော စနစ်ထိန်းချုပ်ကိရိယာတို့နှင့် ပေါင်းစပ်အသုံးပြုထားသည်။

အဆိုပါစနစ်သည် ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများကဲ့သို့ ပမာဏများပြားပြီး ခြိမ်းခြောက်မှုပုံစံမတူညီသည့် လေကြောင်းတိုက်ခိုက်မှုများကိုတုံ့ပြန်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ပုံမှန် အနီးကပ်လေကြောင်းရန် ကာကွယ်ရေးစနစ်များက ပစ်မှတ်တစ်ခုချင်းစီကို တိုက်ခိုက်လေ့ရှိသော်လည်း Raid Hunter သည် ပစ်မှတ်အများအပြားကို အချိန်တိုအတွင်း တိုက်ခိုက်ရန် ရည်ရွယ်ထားသည်။

Northrop Grumman၏ ထုတ်ပြန်ချက်အရ စနစ်သည် လက်ရှိတွင် စမ်းသပ်စစ်ဆေးမှုများပြုလုပ်နေပြီး ယခုနှစ်ကုန်အထိ ထပ်မံစမ်းသပ်မှုများ ပြုလုပ်ကာ စွမ်းဆောင်ရည်ကို အတည်ပြုသွားမည်ဖြစ်သည်။ ထိုသို့ စမ်းသပ်မှုများမှတစ်ဆင့် စစ်မြေပြင်တွင် ပိုမိုလျင်မြန်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Raid Hunter သည် Northrop ကုမ္ပဏီ၏ ပိုမိုကျယ်ပြန့်သော Raid Defense Solutions လေကြောင်းရန် ကာကွယ်ရေးစနစ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အခြားလေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်အတူ အဆင့်ဆင့်ပေါင်းစပ်ထားသော ကာကွယ်ရေးစနစ်အဖြစ် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသည်။

Northrop Grumman ကုမ္ပဏီ ထုတ်ပြန်ချက်အရ 50mm အမြောက်စနစ်သည် ကျည်အမြောက်အမြား အသင့်သိုလှောင်ထားနိုင်ခြင်းနှင့် ကျည်ပြန်ဖြည့်ရာတွင် မြန်ဆန်ခြင်းတို့ကြောင့် ထိရောက်ပြီး ကုန်ကျစရိတ်ကို ထည့်သွင်းစဉ်းစားထားသည့် တိုက်ခိုက်မှုစွမ်းရည်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ၎င်းသည် စျေးကြီးသော ကြားဖြတ်ဒုံးကျည်များနှင့် စျေးနှုန်းသက်သာသည့် ဒရုန်းများအကြား ဖြစ်ပေါ်နေသော ကုန်ကျစရိတ်မညီမျှမှုကို ဖြေရှင်းရန် ရည်ရွယ်ထားခြင်းဖြစ်သည်။




ကုမ္ပဏီတာဝန်ရှိသူများ ပြောကြားရာတွင် လမ်းညွှန်ထိန်းချုပ်နိုင်သော 50mm ကျည်သည် စနစ်၏ ထိရောက်စွာ တိုက်ခိုက်နိုင်သည့် အကွာအဝေးကို ပိုမိုတိုးမြှင့်ပေးနိုင်ပြီး တာဝေးမှ ပစ်ခတ်ရာတွင်လည်း လမ်းညွှန်စနစ်မပါသည့် ကျည်များထက် ပစ်မှတ်နှင့် လွဲချော်မှုကို လျှော့ချပေးနိုင်ကြောင်း ဆိုသည်။ အကြောင်းမှာ ကျည်သည် ပစ်လွှတ်ချိန်တွင် သတ်မှတ်ပေးလိုက်သည့် လမ်းကြောင်းအတိုင်းသာ သွားခြင်းမဟုတ်ဘဲ မိမိ၏ ပျံသန်းလမ်းကြောင်းကို အလိုအလျောက် ပြန်လည်ပြင်ဆင်နိုင်ခြင်းကြောင့် ဖြစ်သည်။

ထို့ပြင် အဆိုပါလက်နက်စနစ် နှစ်စုံကို C-130 လေယာဉ်တစ်စီးတည်းဖြင့် သယ်ယူနိုင်သကဲ့သို့ CH-47 Chinook ရဟတ်ယာဉ်ဖြင့်လည်း ရွှေ့ပြောင်းနိုင်ပြီး အဆိုပါလက်နက်စနစ် လေးစီးမှ ခြောက်စီးခန့်ကို အသုံးပြုပါက လေယာဉ်ကွင်းကြီးတစ်ခု ပတ်လည်ဧရိယာကို ၃၆၀ ဒီဂရီ လွှမ်းခြုံကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Raid Hunter: Northrop's new gun-based air defense system ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လွှယ်ကူဖြေရှင်း အပင်အာဟာရ စက်ဝန်းများ(အပိုင်း-၁)

မူမူ(မလှိုင်)

ဩဂုတ် ၁၅ ရက်မှအဆက်

**(ဂ) အများပြုလုပ်သုံးစွဲနေသော သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲစေခြင်း**

လေထုနှင့် ရေထုမှထုတ်လုပ်သော Bioferti–lizer များ၊ လယ်ယာစွန့်ပစ် (ကောက်ရိုး၊ ပဲဖတ်၊ နှမ်းဖတ်) သီးနှံကြွင်းကျန်များကို ပြုပြင်သော မြေဆွေး၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ (နွားချေး၊ ကြက်ချေး၊ ဆိတ်ချေး) မြေသြဇာနှင့် အရိုးမှုန့် မြေသြဇာ၊ EM (Effective Microorganism)နှင့် အီးအမ်ဘိုကာရှီမြေဆွေး၊ ကြံမြှုပ်ချေးသဘာဝ မြေသြဇာ၊ ဒိုချက်ကင်၊ တီကျစ်စာအော်ဂဲနစ် မြေသြဇာ (Vermi–compost)၊ ငါးအမိုင်နိုအက်စစ်၊ အသီးအပွင့် ရွက်ဖျန်းအားဆေးများ၊ ထရိုင်ခိုဒါးမား မှို(Trichoderma harzianum)၊ စိမ်းပြာရေညှိ၊ ဘိုင်အိုချာ၊ သစ်စိမ်းမြေသြဇာ စသည် ဖြင့်ပစ္စည်းများကို ဆွေးမြည့်စေပြီး သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာများ ပြုလုပ်သုံးစွဲစေခြင်းပင်ဖြစ်သည်။

**(ဃ) ဓာတ်မြေသြဇာ အကျိုးရှိစွာ သုံးစွဲရန်**

အမျိုးအစားမှန်၊ ပမာဏမှန်၊ အချိန်မှန်၊ နေရာမှန်ပြီး ထည့်သွင်းနည်းလမ်းမှန်ကန်ရန် လိုအပ်ပါသည်။ စနစ်တကျသုံးစွဲရေး ပညာပေးလုပ်ငန်းကို တောင်သူလိုက်နာစေရေး စည်းကမ်းချ၍ စနစ်တကျ ဆောင်ရွက်သင့်သည်။

သတိပြုရန်မှာ မြေသြဇာမကျွေးမီပေါင်းရှင်းရန်၊ လိုအပ်သောပမာဏကို လိုအပ်သောအချိန်မှသာ ထည့်သွင်းရန်၊ အလွန်အကျွံသုံးစွဲခြင်းကြောင့် ဓာတ်ကြွင်းစုပုံမှုများဖြင့် ပတ်ဝန်းကျင် လူ၊ တိရစ္ဆာန်၊ အပင်များထိခိုက်မှုမရှိစေရန် ဂရုပြုသင့်သည်။

**(င) စိုက်ခင်းမြေတွင် ဓာတ်မြေသြဇာနှင့် အပင်အာဟာရဓာတ်များ အပင်မှအကျိုးရှိရှိ အသုံးပြုနိုင်စေရေး**

စိုက်ခင်းမြေတွင် ဓာတ်မြေသြဇာနှင့် အပင်အာဟာရဓာတ်များ အပင်မှအကျိုးရှိရှိ အသုံးပြုနိုင်စေရေးကို အလေးပေးဆောင်ရွက်စေရန် "ဆာမှကျွေးပါ" လမ်းစဉ်ကိုလိုက်နာကြစေရန် စည်းကမ်းနည်းလမ်းချမှတ်ဆောင်ရွက်စေသင့်သည်။ အယ်စီစီကဒ်အသုံးပြုခြင်း၊ ဓာတ်မြေသြဇာအာနိသင်အလွယ်တကူမဆုံးရှုံးစေရန် နွားချေးကြက်ချေး၊ မြေဆွေးတို့နှင့်ရောစပ်ပြီး သုံးစွဲစေရန် တိုက်တွန်းဆောင်ရွက်သင့်သည်။ သီးနှံဖြစ်ထွန်းအောင်မြင်မှုကို တစ်နည်းအားဖြင့် အထောက်ကူပြုသော သီးလှည့်စိုက်ခြင်း၊ သီးညှပ်စိုက်ခြင်း၊ မြေလွှာဖုံးအုပ်စိုက်ပျိုးခြင်းများဖြင့် မြေအောက်လွှာမှအာဟာရဓာတ်များ မြေဆီလွှာအပေါ်သို့ရောက်ရှိစေခြင်းနှင့် မြေဆီလွှာအာဟာရဓာတ်မျှတမှုကို တည်ဆောက်ပေးရာရောက်စေခြင်း၊ သီးနှံရိတ်သိမ်းအပြီး နွေထယ်ရေးခံခြင်းဖြင့် မြေပြင်အစိုဓာတ်စုဆောင်းမှုကောင်းစေပြီး အပင်မြစ်တိုးဝင်ကြီးထွားမှုကောင်း၍ အာဟာရစုပ်ယူစားသုံးနိုင်မှုမြင့်မားစေနိုင်ခြင်းစသော မြေပြုပြင်ထိန်းသိမ်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လည်း အချိန်ရာသီအလိုက် နှိုးဆော်ဆောင်ရွက်သင့်သည်။

**(စ) ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့နယ်တိုင်းတွင် organic component of municipal solid waste များထွက်ရှိနေပြီး စနစ်တကျ ပြန်လည်သုံးစွဲမှုမရှိသလောက်ဖြစ်ပြီး မြို့ဝင်မြို့ထွက်တိုင်းလိုလိုတွင် ကြီးမားသော အမှိုက်ပုံများကိုမြင်တွေ့နေကြရသည်။ အမှိုက်စွန့်ပစ်မှုကို စည်းကမ်းကြပ်မတ်စေပြီး ထွက်ရှိလာသော mu–nicipal solid waste များကို သဘာဝမြေသြဇာပြုလုပ်ပေးခြင်းဖြင့် စိုက်ခင်းများတွင် လိုအပ်နေမည့် အာဟာရဓာတ်များကို ရရှိနိုင်မည်ဟုမျှော်လင့်ရသည်။ အခြားသောဌာန (သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အားကစားကွင်းမြက်ခင်းပြင်၊ ပန်းခြံ၊ ဆေးရုံ၊ဈေး၊ မြို့နယ်မြူနီစီပယ်များနှင့် ပုဂ္ဂလိကသဘာဝမြေသြဇာကုမ္ပဏီများ ပူးပေါင်း၍ organic waste streams များစုဆောင်းကာ Bioeconomy, Biobased Economy ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ဓာတ်မြေသြဇာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှာ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

မွေးမြူရေးကဏ္ဍမှထွက်ရှိသော တိရစ္ဆာန်အညစ်အကြေးကို မြေဆွေးပြုလုပ်ပြီး ပြန်လည်အသုံးချခြင်း၊ အရိုးမှုန့်မြေသြဇာထုတ်လုပ်ခြင်းတို့ကို စုစည်းပြုလုပ်ခြင်းဖြင့် မြေသြဇာလိုအပ်ချက်ကို ပြည်တွင်းမှာပင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရပါသည်။ သဘာဝတွင်းမှ နိုက်ထရိုဂျင်ဓာတ်ရရှိနိုင်သော အရင်းအမြစ်များကို လေ့လာလျှင် အခြားအရာဝတ္ထုပစ္စည်းများတွင်လည်း နိုက်ထရိုဂျင်ဓာတ်ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

**သစ်စိမ်းသီးနှံများအလိုက် အာဟာရပါဝင်မှု ဓာတ်ခွဲဆန်းစစ်ချက်**

| သစ်စိမ်းမြေသြဇာများ | နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | ဖော့စဖရတ် ပါဝင်မှု ရာခိုင်နှုန်း | ပိုတက်စီယမ် ပါဝင်မှု ရာခိုင်နှုန်း | ကာဗွန် နိုက်ထရိုဂျင် အချိုး |
|---|---|---|---|---|
| ပိုက်ဆန်လျှော် | ၂.၆၆ | ၀.၄၀ | ၁.၉၁ | ၁၂း၁ |
| ပဲလွမ်း | ၂.၅၆ | ၀.၃၃ | ၁.၁၉ | ၁၁း၁ |
| ပဲတီစိမ်း | ၂.၅ | ၀.၂၄ | ၁.၁၂ | ၁၁း၁ |
| ဆူးထိကရုံး | ၂.၆ | ၀.၃၀ | ၁.၄၉ | ၁၂း၁ |
| ဒန့်ကွဲ | ၃.၁၅ | ၀.၃၆ | ၃.၂၇ | ၁၂း၁ |
| မဲရိုင်း | ၃.၀၁ | ၀.၂၈ | ၁.၈၈ | ၁၁း၁ |
| ညံပင် | ၃.၂၂ | ၀.၂၉ | ၀.၉၅ | ၁၄း၁ |
| ဘောစကိုင်း(အရွက်) | ၂.၃ | ၀.၂၀ | ၁.၅၆ | ၁၅း၁ |
| ကုက္ကို (အရွက်) | ၃.၆ | ၀.၂၇ | ၂.၃၂ | ၁၄း၁ |
| မြေပြန့်ချယ်ရီ(အရွက်) | ၂.၉၆ | ၀.၁၈ | ၀.၈၀ | ၁၈.၂၅း၁ |

ရင်းမြစ် သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)၊ ရွှေရောင်လွင်ပြင်(၂၀၁၉)

**သစ်စိမ်းသီးနှံအမျိုးအစားအလိုက်ယူရီးယားတစ်အိတ်ကို ကိုယ်စားပြုနိုင်မည့်ပမာဏ**

| သစ်စိမ်းမြေသြဇာများ | နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | အမှန်လိုအပ်သည့် သစ်စိမ်း ပမာဏ (ကီလို) | အမှန်လိုအပ်သည့် သစ်စိမ်း ပမာဏ (တန်) |
|---|---|---|---|
| ပိုက်ဆန်လျှော် | ၂.၆၆ | ၈၆၄.၆၆ | ၀.၈၆ |
| ပဲလွမ်း | ၂.၅၆ | ၈၉၈.၄၄ | ၀.၉၀ |
| ပဲတီစိမ်း | ၂.၅ | ၉၂၇.၄၂ | ၀.၉၃ |
| ဆူးထိကရုံး | ၂.၆ | ၈၈၄.၆၂ | ၀.၈၈ |
| ဒန့်ကွဲ | ၃.၁၅ | ၇၃၀.၁၆ | ၀.၇၃ |
| မဲရိုင်း | ၃.၀၁ | ၇၆၄.၁၂ | ၀.၇၆ |
| ညံပင် | ၃.၂၂ | ၇၁၄.၂၉ | ၀.၇၁ |
| ဘောစကိုင်း(အရွက်) | ၂.၃ | ၁၀၀၀.၀၀ | ၁.၀၀ |
| ကုက္ကို (အရွက်) | ၃.၆ | ၆၃၈.၈၉ | ၀.၆၄ |
| မြေပြန့်ချယ်ရီ(အရွက်) | ၂.၉၆ | ၇၇၇.၀၃ | ၀.၇၈ |

**သဘာဝမြေဆွေးပြုလုပ်ရာတွင် ပစ္စည်းများတွင်နိုက်ထရိုဂျင်ဓာတ်ပါဝင်မှု**

| စဉ် | အမျိုးအမည် | နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | ကာဗွန် နိုက်ထရိုဂျင် အချိုး |
|---|---|---|---|
| ၁ | တိရစ္ဆာန်ကျင်ငယ်ရည် | ၁၅ - ၁၈ | ၀.၈ |
| ၂ | ခြောက်နေသောသွေး(Dried Blood) | ၁၀ - ၁၄ | ၃.၀ |
| ၃ | ဦးချို နှင့်ခွါများ (Hoof and horn meal) | ၁၂ | ND |
| ၄ | ငါးမှုန့် | ၄ -၁၀ | ၄ - ၅ |
| ၅ | ဆီကြိတ်ဖတ် | ၃ - ၉ | ၃ - ၁၅ |
| ၆ | မစင် (Night Soil) | ၅.၅ - ၆.၅ | ၆ - ၁၀ |
| ၇ | ရေဆိုးထုတ်အညစ်ကြေး(Sewage sludge) | ၅ - ၆ | ၆ |
| ၈ | ကြက်ချေး | ၄ | ND |
| ၉ | အရိုးမှုန့် | ၂ - ၄ | ၈ |
| ၁၀ | မြက်ခင်းဖြတ်စ | ၂ - ၄ | ၁၂ |
| ၁၁ | သစ်စိမ်းမြေသြဇာအပင်များ | ၃ - ၅ | ၁၀ -၁၅ |
| ၁၂ | ဘီယာချက်စွန့်ပစ်ပစ္စည်းများ | ၃ - ၅ | ၁၅ |
| ၁၃ | ဟင်းသီးဟင်းရွက်ပါဝင်မှုများသည့်မြို့ပြအမှိုက် | ၂ - ၃ | ၁၀ - ၁၆ |
| ၁၄ | ကော်ဖီပျော့ဖတ် | ၁ - ၂.၃ | ၈ |
| ၁၅ | ဖေဒါမှိုက် | ၂.၂ - ၂.၅ | ၂၀ |
| ၁၆ | ဝက် အညစ်အကြေး | ၁.၉ | ND |
| ၁၇ | နွားချေး | ၁ -၁.၈ | ND |
| ၁၈ | နွှံ့ နွံ မှိုက် | ၁.၂ - ၁.၈ | ND |
| ၁၉ | စက္ကူစပါဝင်မှုများသောမြို့ပြအမှိုက် | ၀.၆ - ၁.၃ | ၃၀ - ၈၀ |
| ၂၀ | နှံစားပြောင်းနှင့် ပဲစင်းငုံအရိုး | ၀.၇ | ၇၀ |
| ၂၁ | ဂျုံကောက်ရိုး | ၀.၆ | ၈၀ |
| ၂၂ | သစ်ရွက်ကြွေ | ၀.၄ - ၁ | ၄၀ - ၈၀ |
| ၂၃ | ကြံသီးနှံအမှိုက် | ၀.၃ | ၁၅၀ |
| ၂၄ | လွှစာမှုန့် (အစို) | ၀.၁ | ၅၀၀ |
| ၂၅ | စက္ကူစ | nil | infinity |

ND–Not Determined

ရင်းမြစ်: Dalzell et al., 1987: Approximate composition of materials suitable for composting

# မာတာမြတ်မိခင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မော ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလပထမပတ်တွင် ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၃**

မာတာမြတ်မိခင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မော ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ထွဋ်တင့်ထွန်းထံမှ သိရသည်။

အဆိုပါ မော ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထွဋ်တင့်ထွန်းက ရေးသားထားပြီး ထွဋ်တင့်ထွန်းကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"မရေရာတဲ့ မနက်ဖြန်တွေဆီ အပြေးသွားနေကြတာက မောဖို့ သက်သက်ပဲလား။ ရုပ်ရှင်ကိုချစ်တဲ့ ပရိသတ်တွေ တစိမ့်စိမ့်တွေးရင်း တစိမ့်စိမ့်ခံစားကြည့်ရှုဖို့ မော ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလပထမပတ်မှာ ရုံတင်ပြသမှာ ဖြစ်ပါတယ်။ လောကမှာ သူဘာလုပ်လုပ် အမြဲမှန်တယ်ဆိုတဲ့သူတွေအများကြီးရှိတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှမမှားဘူးလို့ ယုံကြည်ထားတဲ့ လူတစ်ယောက်။ ဒီရူးသွပ်မှုရဲ့ နောက်ကွယ်မှာ ဘယ်လိုထိတ်လန့်ဖွယ်ရာ အမှန်တရားတွေ ပုန်းကွယ်နေမလဲဆိုတာကို မောရုပ်ရှင်ဇာတ်ကားမှာ ခံစားကြည့်ရှုရမှာပဲ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။

မော ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲထိုက်၊ ရဲလွင်ဦး၊ စူးရှထူး၊ အာဒံဦး၊ ဇော်ဦး၊ မင်းသူ၊ မို့မို့မြင့်အောင်၊ မာဂျမ်းခေး၊ နှင်း၊ အိမ့်ခြူးအိမ်၊ သုန္ဒြေဦးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Extraction-3 ဇာတ်ကားသစ်၌ မင်းသား ပီးရက်ဘရော့စနန် ပါဝင်မည်

**နယူးယောက် ဩဂုတ် ၂၃**

Netflix ကုမ္ပဏီ၏ Extraction- 3 အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ပီးရက်ဘရော့စနန်လည်း ပါဝင်လာမည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Extraction- 3 ဇာတ်ကားတွင် မင်းသား ပီးရက်ဘရော့စနန်သည် မင်းသား ခရစ်ဟမ်းစဝ့ါသီနှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Extraction- 3 ဇာတ်ကားတွင် မင်းသား ပီးရက်ဘရော့စနန်နှင့် ခရစ်ဟမ်းစဝ့ါသီတို့အပြင် မင်းသား ဒွန်လီနှင့် ဂျိုးတက်စလင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Extraction- 3 ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရုပ်ဆိုးနှင့် ဂျိုးရုပ်ဆိုးတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Extraction- 3 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ပန်းချီဆရာမ ၁၂၂ ဦး၏ လွှမ်းရောင်စဉ်နိဒါန်း WOMEN'S Art Exhibition ပန်းချီပြပွဲ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံးရှိ မူလပန်းချီပြခန်း၌ ပန်းချီဆရာမ ၁၂၂ ဦး၏ လွှမ်းရောင်စဉ်နိဒါန်း WOMEN'S Art Exhibition ပန်းချီပြပွဲကို ဩဂုတ် ၂၆ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာမ ချိုချိုအောင်က ပြောပြ၍ သိရသည်။

အဆိုပါ လွှမ်းရောင်စဉ်နိဒါန်း WOMEN'S Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာမ ၁၂၂ ဦး၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။




"လွှမ်းရောင်စဉ် နိဒါန်းလို့ အမည်ပေးထားတဲ့ WOMEN'S Art Exhibition ပန်းချီပြပွဲမှာ ပန်းချီဆရာမ ၁၂၂ ယောက် ပူးပေါင်းပါဝင်ထားတာမို့ ရသစုံတဲ့ လက်ရာတွေကို ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ ဩဂုတ် ၂၆ ရက်ကနေ ဩဂုတ် ၃၁ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီအတွင်း ပြသမှာဖြစ်ပါတယ်။ ကျွန်မရဲ့ ပန်းချီကားလဲ ပါဝင်ပြသမှာမို့ လာရောက်ကြဖို့ဖိတ်ခေါ်ပါတယ်" ဟု ပန်းချီဆရာမ ချိုချိုအောင်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆ x ၂၄ လက်မ၊ ၂၄ x ၂၄ လက်မ၊ ၁၈x ၂၄ လက်မ၊ ၁၈x၁၈ လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။ ASH

# Miami Vice 85 ဇာတ်ကားသစ်၌ မင်းသမီး ဝစ်တနီပိတ် ပါဝင်လာ

**နယူးယောက် ဩဂုတ် ၂၃**

ယူနီဗာဆယ်ကုမ္ပဏီ၏ Miami Vice 85 ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ဝစ်တနီပိတ်လည်း ပါဝင်လာကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Miami Vice 85 ဇာတ်ကားတွင် မင်းသမီး ဝစ်တနီပိတ်သည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားသည် ယူနီဗာဆယ်ကုမ္ပဏီ၏ နာမည်ကျော် လျှို့ဝှက်သည်းဖိုမှုခင်းဇာတ်လမ်းတွဲဖြစ်သည့် Miami Vice 85 ကိုပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Miami Vive 85 ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဒန်းဂျီရှိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ဂေဟာရုပ်ရှင်ဇာတ်ကား Family Show ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၃**

ဩဂုတ် ၂၈ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည့် ဂေဟာ ရုပ်ရှင်ဇာတ်ကား Family Show ကို ဩဂုတ် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ ပြည်သစ်နိုင်ထံမှ သိရသည်။

အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မဇော်က ရေးသားပြီး ခေတ်ရေးညိုက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ပြည်သစ်နိုင်က Rangoun နှင့် ခတ္တိယ Production တို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ အမှတ်တရတွေ အများကြီးပါပဲ။ တစ်ဖွဲ့လုံးက နေ့ရော၊ ညရော ကြိုးစားရိုက်ကူးခဲ့တာတော့ အမှတ်တရပါပဲ။ ကိုယ်ဝန်ဆောင်မိခင်တွေ နေထိုင်ကြရာကနေ ကိုယ်ဝန်ဆောင်တစ်ယောက်ရဲ့ ဇာတ်ကိုပဲ ပုံဖော်ထားပါတယ်။ ဇာတ်လမ်းက ပရိသတ်တွေကြည့်ရှုရင် သဘောကျ ကျေနပ်ရမဲ့ဇာတ်ပါ။ ထိတ်လန့် ချောက်ချားစရာလေးတွေ အကောင်းဆုံး ပုံဖော်ထားပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ သရဲကြောက်တတ်တော့ ဘယ်လိုဆို ပရိသတ်ကြောက်နိုင်မလဲတွေ ဖြည့်တွေးပြီး ရိုက်ထားပါတယ်" ဟု ဒါရိုက်တာ ပြည်သစ်နိုင်က ပြောပြသည်။

အဆိုပါဂေဟာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ဆု၊ ထူးမွန်၊ မင်းသူ၊ ဟိန်းရတု၊ ရန်လင်းအောင်၊ နက်ရှိုင်းကို၊ မောင်မောင်မျိုးသန့်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ သံစဉ်ဆည်းဆာ၊ သွန်းသစ္စာဇော်၊ မေမြန်မာ၊ မေသက်ကျော်၊ မေမြတ်စံ၊ ဆုပန်မေ၊ မေရီမောင်၊ တင်ဇာဝင်းပြည့်၊ သာသာ၊ အေးအေးအောင်၊ ရွှေရည်ဝင့်အောင်၊ ကလေးသရုပ်ဆောင် အိန္ဒြေသွန်းဆက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing visits landmarks in Tuva Republic



President U Min Aung Hlaing poses for a group documentary photo at the "Centre of Asia" monument.



President U Min Aung Hlaing visits the National Museum of the Tuva Republic.

**Nay Pyi Taw August 23**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is on an official visit to Kyzyl in the Tuva Republic of the Russian Federation, together with the Union ministers and members, Head of the Tuva Republic Mr. Vladislav Khovalyg, Deputy Speaker of the State Duma Mr. Kara-ool Sholban, and officials, visited landmarks in Kyzyl this morning.

The President and his entourage observed the "Centre of Asia" monument, located on the riverbank and marking the geographical centre of Asia. The President asked questions and discussed matters of interest based on the explanations provided by the officials. The President and party posed for a group documentary photo at the "Centre of Asia" monument.

The "Centre of Asia" monument is located on the bank of the Yenisei River, at the confluence of the Great Yenisei and Little Yenisei rivers, at 51°, 42' and 41" north latitude and 94°, 27' and 38" east longitude. The monument was erected to mark the geographical centre of Asia and is one of the prominent landmarks of the Tuva Republic.

The President and members of the delegation arrived at the V. Kok-ool National Music and Drama Theatre of the Tuva Republic. They enjoyed performances by the Tuva Republic cultural troupe featuring traditional songs performed using the world-renowned Tuvan throat-singing technique, as well as musical performances and cultural presentations featuring traditional Tuvan musical instruments. They also observed the historical exhibition gallery of the V. Kok-ool National Music and Drama Theatre.

The theatre is located at Arat Square, in the heart of Kyzyl. It was opened in 1936 and was named in honour of Viktor Shogzhapovich Kok-ool, a renowned actor, writer and playwright from the Tuva Republic. The theatre regularly presents performances in the Tuvan and Russian languages, featuring world-famous traditional Tuvan throat singing and traditional musical instruments, with various forms of musical and theatrical presentations.

The President and members of the delegation arrived at the National Museum of the Tuva Republic, where they were warmly welcomed by the museum head and officials. They toured the museum with keen interest, viewing the Buddha images worshipped by the Tuvan people during the period of the Tuvan People's Republic, traditional household items used by their ancestors, jewellery and ornaments, weapons and tools formerly used for hunting, ancient cultural artefacts, and traditional costumes worn by the Tuvan people. The President and party also visited exhibition halls depicting the traditional ways of life of the people in the Tuva region, while museum officials provided explanations.

The President asked questions and held discussions on matters he wished to know more about based on the explanations provided. They then posed for a group documentary photo.

The National Museum of the Tuva Republic was established in 1929 and relocated to its present site and reopened in 2008. The museum serves as a repository and exhibition centre for the history and cultural heritage of the Tuvan people. It houses 24 exhibition galleries, featuring rare artefacts and documents from the period of the Tuvan People's Republic, ethnic and cultural artefacts, as well as galleries dedicated to shamanism, Buddhism and Orthodox Christianity. The museum also has an exhibition highlighting the participation of the Tuvan people in the Great Patriotic War. The museum is a place where the distinctive historical and cultural heritage of the Tuva Republic is systematically preserved and maintained.

Kyzyl, the capital of the Tuva Republic in southern Siberia of the Russian Federation, where the high-level delegation Myanmar led by President U Min Aung Hlaing has arrived, is the capital city of the Tuva Republic. The Tuva Republic is a landlocked region with distinctive geographical features. The area is surrounded by the Sayan Mountains and the Altai Mountains, with extensive valley plains in its central part. The Yenisei River flows through the region and greatly contributes to agricultural and livestock activities there. Horse breeding is also part of the traditional cultural heritage of the Tuva region. The language, music, traditional attire and beliefs of the people living in Tuva reflect a cultural blend of Central Asian and Siberian traditions. The Tuva region is a place where cultural traditions have been well preserved, with Tibetan Buddhism, Orthodox Christianity and shamanistic beliefs coexisting side by side. Kyzyl is home to Russia's largest Buddhist temple and also has a Buddhist university. The Fourth International Buddhist Forum was recently held there, attended by Buddhist monks from various countries around the world, as well as prominent figures from the political, administrative and social spheres. Likewise, traditional music featuring a single singer imitating sounds such as the flowing of a river, the blowing of wind and the neighing of horses through vocal techniques is one of the distinctive forms of traditional music in the Tuva region. The Tuva region experiences extremely harsh climatic conditions, with very cold winters and high daytime temperatures in summer. With its distinctive cultural traditions, beautiful natural landscapes of mountains, forests and waterways, and rich history, the Tuva region is one of the unique and beautiful regions of the Russian Federation.

MNA

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Republic of Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive back after completion of Official Visits to Russian Federation and Republic of Belarus



President U Min Aung Hlaing being seen off at Kyzyl International Airport, Kyzyl, Tuva Republic, Russian Federation.



President U Min Aung Hlaing being welcomed back at Nay Pyi Taw Airport.

**Nay Pyi Taw August 23**

President of the Republic of Union of Myanmar U Min Aung Hlaing, after paying Official Visits to Russia Federation at the invitation of President of the Russian Federation Mr. Vladimir Putin, and to the Republic of Belarus at the invitation of President of the Republic of Belarus Mr. Aleksandr Lukashenko, left Kyzyl International Airport, Kyzyl, Tuva Republic, Russian Federation at 11.30am local time, and was warmly seen off at the airport by Head of the Tuva Republic Mr. Vladislav Khovalyg, Deputy Chairman of the State Duma Mr. Kara-ool Sholban, and officials of the local government, Myanmar Ambassador to Russian Federation U Myo Moe Aung, the Ambassador of Russian Federation to Myanmar, and officials.

Members of the delegation, union ministers U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi Region U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, deputy ministers and officials also left the airport together with the President.

The President and his high-level Myanmar delegation arrived back in Nay Pyi Taw in the evening and were welcomed at the airport by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, and officials of the Russian Federation Embassy and Military Attache Office to Myanmar.

During the Official Visits to the Russian Federation and the Republic of Belarus, President U Min Aung Hlaing held separate meetings with President of the Russian Federation Mr. Vladimir Putin and President of the Republic of Belarus Mr. Aleksandr Lukashenko and discussed issues on further deepening of friendship and cooperation between the governments and peoples of the two countries, and continued promotion of strategic partnership across multiple sectors at a faster pace. At the meetings, President U Min Aung Hlaing was able to further enhance Myanmar's strategic partnership with both countries by identifying effective ways to cement cooperation in multiple sectors including space science and technology, industrial and farming, trade and investment, education, health, culture, electricity and energy, and tourism sectors as well as to sign and exchange sector-wise agreements and organize business forums with both countries. Hence, both official visits provide significant support for national development initiatives.

MNA

# Kalay Township to plant more than 10,000 acres of vegetables in coming cold season

**Kalay August 23**

Local farmers will grow more than 10,000 acres of vegetables as cold season crops in Kalay Township, Sagaing Region, this year, according to the township Agriculture Department.

A total of 10,195 acres of vegetables are planned to be cultivated in Kalay Township during the 2026-2027 winter crop cultivation season,. Cultivation will begin in October this year and continue through December.

"More than 10,000 acres of vegetables are planned to be cultivated in Kalay Township during the coming winter crop season. The crops will include mustard, chilli, spices, potatoes, cabbage, eggplant and bottle gourd. We are providing farmers with technical guidance so that all vegetables can be cultivated in accordance with the GAP system. We will also provide technical assistance to enable farmers to grow all vegetables in a health-conscious manner with minimum chemical residues," said Daw Marn Ewl, Head of the Kalay Township Agriculture Department.

This year, the Township Agriculture Department will provide vegetable growers in Kalay Township with technical training on GAP cultivation methods, as well as guidance on producing vegetables from their farms that are safe and healthy for consumption. Efforts will also be made to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in Kalay Township. The crops have been successfully grown and provide income for farming families. The Township Agriculture Department will also provide farmers planning to grow vegetables with awareness and technical guidance on proper cultivation methods, preventing pest infestations, and preparing and using organic fertilizers, organic pesticides and pest repellents.

206

# Afghanistan delivers 2.6 mln USD in aid to returnees, displaced families

**Kabul August 23**

The Afghan government has distributed humanitarian assistance valued at 2.612 million U.S. dollars to 31,320 returnees and internally displaced families over the past month, the Ministry of Refugees and Repatriation said in a statement on Sunday.

The comprehensive aid package covered cash grants, food and non-food items, healthcare services, construction and rehabilitation of shelters, documentation support, and employment opportunities, according to the statement.

These efforts were implemented across 25 out of the country's 34 provinces.

In a further measure to facilitate reintegration, authorities have allocated more than 60,000 land plots nationwide to returning refugees.

The ministry's data indicate that over 8.1 million Afghan refugees have returned to their homeland since the current administration assumed power in August 2021.

Xinhua

# 20 online scam and gambling suspects arrested with equipment in Muse, Northern Shan State



Online scam and gambling suspects—one Chinese male and 19 Myanmar nationals (17 males and 2 females), totaling 20 individuals—pictured following their arrest in Kaunghmutone Ward, Muse, northern Shan State.

**Nay Pyi Taw August 23**

The government is actively ramping up systematic crackdowns in cooperation with neighbouring and regional nations to eradicate online fraud and online scam operations that threaten global socioeconomic stability and national security, taking strict legal action against offenders.

As part of these ongoing enforcement efforts, joint security forces successfully uncovered and arrested 20 individuals involved in online fraud and gambling operations, along with their work equipment, in Muse, northern Shan State.

To prevent operators from basing themselves in local jurisdictions, joint security teams conducted investigative sweeps in target areas. Around 4:30 pm today, authorities raided a residence in Kaungmulwe area, Kaunghmutone Ward, Muse. They arrested 20 suspects—consisting of one undocumented Chinese national, 17 Myanmar men, and two Myanmar women—and seized 77 assorted mobile phones, three all-in-one desktop computers, one laptop, and related operational equipment.

Following interrogations, effective and severe legal action will be taken against the arrested suspects under existing laws, and the confiscated equipment will be handled in accordance with official procedures.

Authorities reaffirmed that high-priority, intensive crackdown operations will continue unabated to prevent online scam networks from taking root in Myanmar and to eliminate these operations entirely. 100



The scene in Kaunghmutone Ward, Muse, northern Shan State, where 20 online scam and gambling suspects were arrested along with their operational equipment.

# Plan underway to grow more than 15,000 acres of sunflower in Pwintbyu Township

**Pwintbyu August 23**

Local authorities earmarked cultivation of 15,879 acres of sunflower as cold seasonc crops this year in Pwintbyu Township of Magway Region this year, according to the township Agriculture Department.

In Pwintbyu Township, a target of 15,879 acres has been set for sunflower cultivation in the upcoming winter crop season, with planting scheduled to begin this October to meet the designated target.

"For this year's winter crop season, we have targeted planting over 15,000 acres of sunflowers across Pwintbyu Township. We will support local farmers so that they can meet the set target acreage. We are also collaborating with relevant departments to expand cultivation acreage and ensure the use of high-yield sunflower varieties," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure local edible oil self-sufficiency, generate a surplus, and boost agricultural income during the upcoming winter season, the Township Department of Agriculture will provide agricultural awareness and training programs to sunflower farmers. These initiatives focus on achieving target acreage, boosting crop yields, pest and disease control, adopting Good Agricultural Practices (GAP), and utilizing quality-certified seeds.

Daw Moe Moe Wai noted that maximizing sunflower yields will not only ensure local self-sufficiency in cooking oil but also generate additional income through surplus sales, thereby improving socio-economic livelihoods. Consequently, sustained efforts should be made across all regions to expand sunflower cultivation year after year.

Ye Win Naing (NyaungU)

# ChaungU Township sees completion of growing more than 3,000 acres of groundnut

**ChaungU August 23**

Statistics of ChaungU Township Agriculture Department in Sagaing Region stated that local farmers have planted 3,860 acres of groundnut as monsoon crops in ChaungU Township this year.

During the 2026-2027 monsoon crop cultivation season, 9,800 acres of groundnut are planned to be cultivated in ChaungU Township. Planting began in May this year, and 3,860 acres have been planted to date.

"More than 9,000 acres of groundnut were planned for cultivation in ChaungU Township during this year's monsoon crop season, and more than 3,000 acres have already been planted. We are also providing assistance to ensure that the targeted acreage is fully cultivated. As an oilseed crop, groundnut cultivation is progressing successfully, and the acreage under groundnut has been increasing year by year," said U Tint Swe, Head of the ChaungU Township Agriculture Department.

In ChaungU Township, one and a half baskets of seed are required to cultivate one acre of groundnut. The cultivation cost, including seed, labour, fertilizer and pesticides, is more than K200,000 per acre, while an average yield of more than 50 baskets per acre can be obtained.

This year, staff members from the Township Agriculture Department are conducting field inspections of groundnut plantations and taking surveillance records to ensure healthy crop growth, prevent pest and disease infestations, and keep the fields free of weeds.

206

# Wetlet Township to grow more than 60,000 acres of winter sesame this year

**Wetlet August 23**

The township Agriculture Department stated that local authorities set plans to grow 61,866 acres of winter sesame in Wetlet Township of Sagaing Region this year.

During the 2026-2027 winter crop cultivation season, 61,866 acres of winter sesame are planned to be cultivated in Wetlet Township. Cultivation will begin in October this year and continue through December.

"More than 60,000 acres of winter sesame are planned to be cultivated in Wetlet Township during the coming winter crop season. We will make efforts to ensure that the targeted acreage is fully cultivated. Sesame cultivation has been increasing year by year. In Wetlet Township, sesame is mainly cultivated in the winter rather than during the monsoon season. As an oilseed crop, sesame cultivation is in a successful position," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, the Township Agriculture Department will provide awareness and technical guidance to sesame growers in Wetlet Township on expanding sesame cultivation, proper cultivation methods, adoption of Good Agricultural Practices (GAP), cultivation of quality and pure varieties, and the use of high-yielding varieties.

Crops produced under the GAP system offer benefits such as better quality and higher prices compared with crops produced using other cultivation methods. They can also be sold not only in the domestic market but also exported to foreign markets. Therefore, farmers who adopt GAP practices can gain greater economic benefits, which will contribute to improvements in their livelihoods and socioeconomic conditions.

206

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)




# ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**ပေါင် ဩဂုတ် ၂၃**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဖြူကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခွာညိုငွေး၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်း အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၁၂ ဒသမ ၆ သန်းဖြင့် လင်းလက်သစ္စာကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန် ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်ထံမှ သိရသည်။

သုတ

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိမှာ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးနုတွေ အရောင်းအဝယ်



ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လုပ်ကိုင်နေပါတယ်"ဟု ဟသ်ာတမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက်သွားရောက်ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပင်းတယမြို့နယ် ဒရယ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒရယ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသိန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၇၆ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဒေသဦးစီးမှူး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဒရယ်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၇၄၄ သိန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိ အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"တွင် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က သရုပ်ဖော်တင်ဆက်ပြသမှုများကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး The Center of Asia အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့်နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေး မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ ၄၂ မိနစ် ၄၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၃၈ စက္ကန့်တွင်တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ ပထဝီဗဟိုချက်ကျရောက်သည့်နေရာကို အထိမ်းအမှတ်ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် တူဗားပြည်နယ်၏အထင်ကရနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" သို့ရောက်ရှိကြပြီး တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကိုကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ်အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"၏ သမိုင်းမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါတူဗားပြည်နယ် အမျိုးသားဂီတနှင့်ပြဇာတ်ရုံ"V.Kok-ool"သည် ကီဇီးလ်မြို့၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက်ရင်ပြင်တွင်)တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍နာမည်ပေးထားခြင်းဖြစ်ကာ အဆိုပါအမျိုးသားဂီတနှင့်ပြဇာတ်ရုံတွင် ကမ္ဘာကျော်တူဗားရိုးရာလည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများအသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက်တင်ဆက်လေ့ရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင်အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများ ဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်က နေထိုင်မှုပုံစံသရုပ်ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး ပြန်လည်ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသားပြတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြတိုက်သည် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားသည့်နေရာတစ်ခုဖြစ်ကြောင်း၊ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့် အော်သိုဒေါ့တို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများအပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားကြောင်း၊ တူဗားပြည်နယ်အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ထူးခြားသော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ယခု နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏မြို့တော်တစ်ခုဖြစ်ကြောင်း၊ တူဗားပြည်နယ်သည် ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်များမှာ ထူးခြားပြီး Sayan Mountainsနှင့် Altai Mountains တို့က ဒေသကိုဝန်းရံထားပြီး အလယ်ပိုင်းတွင် ကျယ်ပြန့်သည့်ချိုင့်ဝှမ်းလွင်ပြင်များရှိကြောင်း၊ ဒေသအတွင်း Yenisei မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည့်မြစ်တစ်ခုဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူခြင်းသည် တူဗားဒေသ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ပါဝင်ကြောင်း၊ တူဗားဒေသတွင် နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယုံကြည်မှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံဖြစ်ကြောင်း၊ တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှာမန်နတ်ကိုးကွယ်မှုတို့ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည့်နေရာဖြစ်ကြောင်း၊ တူဗားဒေသ၏ မြို့တော်ဖြစ်သည့် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ လေးကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာဖိုရမ် မကြာခင်ကကျင်းပခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနယ်ပယ်တို့မှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း၊ အလားတူ အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံစသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ထင်ရှားသော ရိုးရာဂီတဖြစ်ကြောင်း၊ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန်မြင့်မားသဖြင့် ရာသီဥတုအလွန်ပြင်းထန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့် သဘာဝတောတောင်ရေမြေများနှင့်သမိုင်းကြောင်းများအရ ထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပသည့်ဒေသတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်းသွားရောက်ခဲ့ပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ်ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်နှင့်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်နှင့် တာဝန်ရှိသူများက ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့်လည်းကောင်းသီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံကြား အစိုးရများနှင့် ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်ရေး၊ ဘက်စုံကဏ္ဍစုံမှ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများအရှိန်အဟုန်ဖြင့်ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ အာကာသသိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သကဲ့သို့ ကဏ္ဍများအလိုက် သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးအပြန်အလှန်လဲလှယ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် စီးပွားရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဖိုရမ်များကို ကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာ အကျိုးပြုအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ဘားအံမြို့၌ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ပွဲတော်ကျင်းပ

**ဘားအံ ဩဂုတ် ၂၃**

၄၇ ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ပွဲတော်သို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

အဆိုပါပွဲတော်တွင် သဘာပတိက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဆုတောင်း မေတ္တာစကားပြောကြားကာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၃၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီနာယကထံချီးမြှင့်ပေးအပ်ပြီး ပွဲတော်ကျင်းပရေးကော်မတီက ၄၇ ကြိမ်မြောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လာခုင်ခါင်.စူး) ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ အဘိုး၊ အဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာခံယူကြသည်။

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ၊ သန့်စင်သောရေ၊ ကြံပိုင်း စသည့်ပစ္စည်းခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့ကို စုပေါင်းညီညွတ်စွာ နေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့် ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို ဝါခေါင်လတစ်လလုံး နေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဝေန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ညှိနှိုင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၃**

ဝေန်မြစ်ရေ ပေ ၃၀ အောက်သို့ ကျဆင်းလာသည်နှင့်အမျှ Geo Bag အိတ်ကြီးများချခြင်း၊ နိုင်လွန်ကြိုးပိုက်များဖြင့် ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ရေယာဉ်တွဲများ၊ Split Berge ရေယာဉ်ကြီးများဖြင့် Geo Bag အိတ်ကြီးများကို ရေနက်အိုးနှင့် ရေစီးကြောင်းများအတွင်း ရေအောက်ကြမ်းပြင်မြင့်တက်လာစေရန်ချခြင်း၊ Stand Pipe နှင့် Steel Sheet Pile များကို Scour ခံနိုင်ရည်ရှိရန် ရိုက်သွင်းခြင်း၊ Jumbo Bags အိပ်များချခြင်း၊ သောင်တူးစက်နှင့် သဲမှုတ်ခြင်း၊ Gabion ကျောက်ထုပ်တွဲများချခြင်း၊CB တွဲချခြင်း၊ မြစ်ကြောင်းမှ သဲနုန်းများကိုသောင်တူးသင်္ဘောများဖြင့် လိုအပ်သောနေရာများသို့ဖို့ခြင်း၊ Geo Tube များ ချခြင်းတို့ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါလုပ်ငန်းခွင်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧရာဝတီတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွန်းဇော်နှင့်အတူ ကြည့်ရှုစစ်ဆေး၍ လက်ရှိဝေန်မြစ်ရေမှတ်၊ ရေထုစီးနှုန်း လျော့နည်းကျဆင်းလာမှုနှင့် ကိုက်ညီ၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြီးကြပ်စီမံဆောင်ရွက်ခဲ့သည်။

လုပ်ငန်းခွင်တွင် ဒုတိယဝန်ကြီးက ရေအောက်ကြမ်းပြင် မြင့်တက်လာစေရန် ဆောင်ရွက်နိုင်ရေး၊ ရေအောက်ကြမ်းပြင် ရေတိုက်စားမှုသက်သာစေရန် Geo Bags အိတ်များချခြင်း၊ Geo Textile အစများခင်းခြင်း၊ ရေလမ်းကြောင်းထိန်းခြင်းများ ဆောင်ရွက်ရေး၊ အမြန်ဆုံးရေစီးဝင်မှုပိတ်ဆို့ကာကွယ်နိုင်ရေး၊ လက်ရှိဝေန်မြစ်၏ ရေမြင့်အမှတ်၊ ရေထုစီးနှုန်းဆက်လက်ကျဆင်းနိုင်သည့် အခြေအနေများကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ထို့ပြင် ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ဝေန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် မြေပြင်ဖြစ်ပေါ်နေသည့်အနေအထားရ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများစသည့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၆)

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ မြန်မာနိုင်ငံအနေဖြင့် သံတမန်ရေးရာ မိတ်ဖက်နိုင်ငံများနဲ့ ဆက်ဆံရေးကို ရေရှည်ခိုင်မာစွာ တည်ဆောက်လျက်ရှိပါတယ်။ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်ဆီသို့ တရားဝင်ခရီးစဉ်များ ဆက်လက်သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်တွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာ သံတမန်ဆက်ဆံရေးသမိုင်းမှာ အလွန်အရေးပါတဲ့ မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (၂၂-၈-၂၀၂၄)

ဥရောပအရှေ့ပိုင်းမှာ တည်ရှိတဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံဟာ ပင်လယ်နှင့် ထိစပ်မှုမရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြို့တော်မင့်စ်မြို့ဟာ ခေတ်မီဆန်းပြားတဲ့ အဆောက်အအုံတွေနဲ့ သပ်ရပ်လှပပြီး သမိုင်းကြောင်း နောက်ခံကောင်းမွန်တဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။

ဘယ်လာရုစ်နိုင်ငံရဲ့ စီးပွားရေးဟာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာကြီးများ အသုံးပြုပြီး အောင်မြင်စွာအကောင်အထည်ဖော်နေတဲ့ စနစ်တစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်တာကြောင့် နှစ်နိုင်ငံကြား နည်းပညာနဲ့ အတွေ့အကြုံချင်းဖလှယ်ဖို့ အခွင့်အလမ်းကောင်းများစွာ ရှိနေပါတယ်။ လယ်ယာစက်မှုလုပ်ငန်းများနဲ့ မွေးမြူရေးထွက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်တဲ့ထိ အောင်မြင်နေမှုတွေရရှိနေတာကို မျက်မြင်ကိုယ်တွေ့ လေ့လာခဲ့ကြရပါတယ်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ အလွန်ခိုင်မာပြီး ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းချာနိုင်ငံများဖြစ်ကြပါတယ်။ ပထဝီဝင်အနေအထားအရ အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးသမိုင်းကြောင်းက ရှည်လျားခိုင်မာခဲ့ပြီး ယခုအခါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်၊ ဩဂုတ် ၁၇ ရက်ကစတင်ပြီး မရပ်မနားခရီးနှင်လာခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်များမှတစ်ဆင့် အမိမြန်မာနိုင်ငံရဲ့ နိုင်ငံတကာ အခန်းကဏ္ဍကို ပိုမိုတောက်ပလာအောင် ဆောင်ရွက်နိုင်ခဲ့ . . .**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (၂၂-၈-၂၀၂၄)

### သံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံမှာကြား

ဘယ်လာရုစ်နိုင်ငံ မြို့တော်မင့်စ်မြို့သို့ ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်သမ္မတကြီးက ဘယ်လာရုစ်ဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားခဲ့ပါတယ်။ ပထဝီဝင်တည်နေရာအရ အလှမ်းကွာဝေးနေသော်ငြား မြန်မာနဲ့ ဘယ်လာရုစ်တို့ဟာ နှစ်နိုင်ငံကြား မိတ်ဆွေကောင်းပီသတဲ့ ဆက်ဆံရေးကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းလာခဲ့ကြတာဖြစ်ပါတယ်။ ယခင်နိုင်ငံ့အကြီးအကဲများ လက်ထက်ကတည်းက အမြော်အမြင်ကြီးမားစွာ စတင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးကို ယခုချိန်မှာ ပိုမိုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေဖို့အတွက် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကိုပါ တရားဝင်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ခိုင်မာစေရေးအတွက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၄-၂၀၂၈)ကို စနစ်တကျရေးဆွဲအကောင်အထည် ဖော်လျက်ရှိပါတယ်။ ဒီလမ်းပြမြေပုံဟာ နောင်လာမယ့်နှစ်များအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုသို့ ပို့ဆောင်ပေးမယ့် မဏ္ဍိုင်တစ်ခု ဖြစ်လာမှာပါ။

ဘယ်လာရုစ်နိုင်ငံရဲ့ ပညာရေးစနစ်ဟာ အဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာမှ ပညာတော်သင်များ လာရောက်ဆည်းပူးလျက်ရှိတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ လာရောက် ပညာသင်ကြားနေကြတဲ့ သင်တန်းသားတွေအနေနဲ့လည်း အမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက် အဆိုပါ ပညာရပ်များကို စနစ်တကျ ဆည်းပူးကြဖို့ လိုအပ်ပါတယ်။ အမိနိုင်ငံနဲ့အလှမ်းကွာဝေးပြီး ရာသီဥတု ဆိုးရွားတတ်တဲ့ဒေသမှာ အချိန်နဲ့ ငွေကြေးပေးဆပ်နေရတာဖြစ်လို့ တစ်ဦးချင်းစီရဲ့ အရည်အချင်းကို အစစအရာရာမြှင့်တင်ကြဖို့ သမ္မတကြီးက တိုက်တွန်းမှာကြားခဲ့ပါတယ်။

နိုင်ငံရပ်ခြားမှာ ရောက်ရှိနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားများအနေနဲ့ မိမိတို့ရဲ့ ယဉ်ကျေးမှုအစဉ်အလာကောင်းများကိုဖော်ထုတ်ပြီး နိုင်ငံတော်ဂုဏ်သိက္ခာမကျဆင်းအောင် နေထိုင်ကြဖို့ အရေးကြီးပါတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းနေချိန်မှာ ပြည်ပရောက် သားကောင်းသမီးမွန်များကလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးကြရမှာ ဖြစ်ပါတယ်။

ဒါ့ပြင် ဘယ်လာရုစ်နိုင်ငံရဲ့ ခက်ခဲတဲ့ ရာသီဥတုအခြေအနေကြောင့် သံရုံးမိသားစုဝင်များနဲ့ သင်တန်းသားများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြဖို့ လိုအပ်ပါတယ်။ ကိုယ်လက်လှုပ်ရှားအားကစားများကို ပုံမှန်ပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုကို တည်ဆောက်ကြရပါမယ်။ ဘာသာစကားသစ်များနှင့် ခေတ်မီနည်းပညာများကိုပါ တစိုက်မတ်မတ် လေ့လာဆည်းပူးခြင်းဖြင့် တစ်ဦးချင်းဘဝအတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

### ရုရှားသို့ ဆက်လက်ခရီးနှင်ခြင်း

ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ မှာတော့ ဘယ်လာရုစ်သမ္မတနိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာပြီးဆုံးပြီးနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ မင့်စ်မြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ လေဆိပ်မှာ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကော်ဇောနီလျှောက်လမ်းထက်မှာ လှိုက်လှဲနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

ခရီးစဉ်အစအဆုံးမှာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတွေဟာ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပုံဖော်ပြသနိုင်ခဲ့ပါတယ်။ ဘယ်လာရုစ်တာဝန်ရှိသူတွေနဲ့ မြန်မာသံအမတ်ကြီးတို့က လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြပြီးနောက် ကိုယ်စားလှယ်အဖွဲ့ဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်ဆီသို့ ဆက်လက်ခရီးနှင်ခဲ့ကြပါတယ်။ ဒီခရီးစဉ်ဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ချီတက်နေတဲ့ မြန်မာနိုင်ငံရဲ့ ပြည်ပသံတမန်ရေးရာ ဆက်ဆံမှုကို ထင်ရှားစွာ သက်သေပြနေတာပဲဖြစ်ပါတယ်။

### တူဗားပြည်နယ်သို့ ရောက်ရှိခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံတော်သမ္မတကြီးနဲ့အဖွဲ့ ရောက်ရှိချိန်မှာ ဒေသခံအစိုးရအဖွဲ့က ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုခဲ့ကြပါတယ်။ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နဲ့ တာဝန်ရှိသူများအပြင် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က လေဆိပ်မှာ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။

ဒီလိုကြိုဆိုစဉ်မှာ တူဗားပြည်နယ်ရဲ့ ထူးခြားတဲ့ယဉ်ကျေးမှုအစဉ်အလာအတိုင်း အမျိုးသမီးငယ်နှစ်ဦးက ဩဇသည်တော်များအပေါ်

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

နက်ရှိုင်းတဲ့လေးစားမှုကို ဖော်ပြတဲ့ အထိမ်းအမှတ်ပဝါများကို ခြုံလွှမ်းပေးခဲ့ကြပါတယ်။ တူဗားပြည်နယ်ဟာ ဆိုက်ဘေးရီးယားဒေသရဲ့ တောင်ပိုင်း မွန်ဂိုလီးယားနယ်စပ်အနီးမှာ တည်ရှိပြီး ရာသီဥတုအေးမြကာ ထူးခြားတဲ့သဘာဝ အလှအပများ ပိုင်ဆိုင်ထားတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ဒီလိုနွေးထွေးလှတဲ့ ကြိုဆိုမှုဟာ နှစ်နိုင်ငံဒေသအချင်းချင်း ဆက်ဆံရေးကို ပိုမိုနီးကပ်သွားအောင် တွန်းအားပေးလိုက်သလို ဖြစ်စေခဲ့ပါတယ်။

**တူဗားပြည်နယ် အကြီးအကဲနှင့် ဆွေးနွေးပွဲ**

ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရ အိမ်တော်မှာ နိုင်ငံတော်သမ္မတကြီးနဲ့ တူဗားပြည်နယ်အကြီးအကဲတို့ တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ တွေ့ဆုံပွဲကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

တူဗားပြည်နယ်အကြီးအကဲက မြန်မာကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီးနောက် ပြည်နယ်ရဲ့သမိုင်းကြောင်းနဲ့ ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးပွဲကြီးဟာ နှစ်နိုင်ငံအစိုးရတွေအပြင် ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှုများကိုပါ တိုးမြှင့်ပေးနိုင်မယ့် အခွင့်အလမ်းသစ်များကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

**သယံဇာတနှင့် စိုက်ပျိုးမွေးမြူရေး ပူးပေါင်းမှု**

တူဗားပြည်နယ်အတွင်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် တွင်းထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများကိုပါ အဓိကထား လုပ်ကိုင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း မြေပေါ်မြေအောက် သယံဇာတများပေါများကြွယ်ဝပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံနဲ့ တူဗားပြည်နယ်တို့ကြား သယံဇာတထုတ်ယူရေးနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေမှာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာကောင်းများစွာ ရှိနေပါတယ်။ နှစ်ဖက်ခေါင်းဆောင်များဟာ ဒီအချက်အလက်တွေကို အခြေခံပြီး နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ့်နည်းလမ်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါတယ်။

**ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွယ်မှု**

တူဗားပြည်နယ်မှာ နေထိုင်ကြတဲ့ လူဦးရေအများစုဟာ တိဗက်ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်တဲ့ နိုင်ငံဖြစ်တာကြောင့် ကိုးကွယ်ယုံကြည်မှုနဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေမှာ အလွန်တူညီမှုရှိကြပါတယ်။

ဒီလို ကိုးကွယ်ယုံကြည်မှု တူညီမှုရှိခြင်းဟာ နှစ်နိုင်ငံပြည်သူတွေအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနီးကပ်ခိုင်မြဲလာစေမှာဖြစ်ပါတယ်။ ဘာသာရေးနဲ့ ယဉ်ကျေးမှုကဏ္ဍအပြင် ခရီးသွားလာရေးလုပ်ငန်းများကိုပါ အပြန်အလှန်မြှင့်တင်ဆောင်ရွက်နိုင်မယ့် အခြေအနေများကိုပါ အလေးထား ဆွေးနွေးခဲ့ကြပါတယ်။

**ဒေသန္တရ ဆက်ဆံရေး တိုးမြှင့်ခြင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ အလွန်ခိုင်မာပြီး ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းချာနိုင်ငံများ ဖြစ်ကြပါတယ်။ ပထဝီဝင်အနေအထားအရ အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးသမိုင်းကြောင်းက ရှည်လျားခိုင်မာခဲ့ပြီး ယခုအခါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။

ဗဟိုအစိုးရအချင်းချင်း ဆက်ဆံရေးကောင်းမွန်သလို ဒေသန္တရပြည်နယ်အချင်းချင်း ထိတွေ့ဆက်ဆံမှုများကိုပါ တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်းဟာ သံတမန်ရေးရာ အောင်မြင်မှုတစ်ခုပဲဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုကျယ်ပြန့်စေရန်အတွက် အပြန်အလှန်ခရီးစဉ်များ ဖလှယ်သွားဖို့ကိုလည်း သမ္မတကြီးကထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

**ညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲ**

တရားဝင် တွေ့ဆုံဆွေးနွေးပွဲများ ပြီးဆုံးတဲ့နောက်မှာ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များကို တူဗားပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ညစာမသုံးဆောင်မီနဲ့ သုံးဆောင်နေစဉ်အတွင်း တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ၎င်းတို့ရဲ့ရိုးရာယဉ်ကျေးမှု တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြပါတယ်။

အဆိုပါဖျော်ဖြေပွဲဟာ ဒေသခံတို့ရဲ့ ရိုးရာယဉ်ကျေးမှုအလှအပကို ပေါ်လွင်စေရုံသာမက နှစ်နိုင်ငံအကြား ယဉ်ကျေးမှုချင်းဖလှယ်တဲ့ ချစ်ကြည်ရေးသင်္ကေတတစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။ ခရီးစဉ်ရဲ့ အဆုံးသတ် အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ ဒီညစာစားပွဲဟာ မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနွေးထွေးပျူငှာစေခဲ့ပါတယ်။ အနှစ်ချုပ်ဆိုရရင်တော့ ဩဂုတ် ၁၇ ရက်ကစတင်ပြီး မရပ်မနား ခရီးနှင်လာခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်များမှတစ်ဆင့် အမိမြန်မာနိုင်ငံရဲ့ နိုင်ငံတကာအခန်းကဏ္ဍကို ပိုမိုတောက်ပလာအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ယုံကြည်လေးနက်စွာ စာကမ္ဘည်းရေးထိုးလိုက်ရပါတယ်။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (၂၂-၈-၂၀၂၆)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# ထားဝယ်ရေနက်ဆိပ်ကမ်း၊ စွမ်းအင်၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ပြီး မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်...

ဒေါက်တာ ခိုင်ခိုင်စိုး(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**မေး။ ။ အခုသွားရောက်ခဲ့တဲ့ ရုရှားနိုင်ငံခရီးစဉ်ကနေ ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ရုရှားခရီးစဉ်မှာ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု ဒါတွေကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် နိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသနှင့်နည်းပညာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျွန်မတို့ Head of State အချင်းချင်း၊ Head of Government ၊ Ministry level ၊ University level အချင်းချင်း စသည်ဖြင့် အဆင့်စုံ ဆွေးနွေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဆိုရင် Meeting ပေါင်း ၁၅ ခု ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီခရီးစဉ်မှာ G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ သမ္မတနှစ်ဦးရဲ့ တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေးအတွက် ဘယ်လောက်ထိ အရေးပါပါသလဲ။**

ဖြေ။ ။ တစ်နည်းအားဖြင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦး ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှု၊ ဒီကနေမှတစ်ဆင့် အဆင့်မြင့်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီအဆင့်မြင့်ဆွေးနွေးမှုတွေကနေ တစ်ဆင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ရုရှားသမ္မတကြီး ပြောကြားတာက နှစ်နိုင်ငံဆက်ဆံရေးဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ဖို့၊ တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားဖို့၊ နောက်တစ်ခါ International မျက်နှာစာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအပြန်အလှန် အမြီသဟဲပြုပြီး အပြန်အလှန်ထောက်ပံ့ကူညီဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံကိုလည်း အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းနိုင်ငံတစ်ခုလို့ သတ်မှတ်ထားတယ်လို့လည်း ဆိုပါတယ်။ ဒါဟာ ကျွန်မတို့ ဒီခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုကနေတစ်ဆင့် မဟာဗျူဟာမြောက် ဆက်ဆံရေး၊ တစ်နည်းအားဖြင့် ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် အများကြီးအထောက်အကူပြုတယ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ ဒီခရီးစဉ်က မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် လက်တွေ့ရရှိမယ့် အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ မြန်မာနိုင်ငံမှာ လာရောက်လုပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မော်စကိုမှာ စီးပွားရေးဖိုရမ် ကျင်းပခဲ့ပါတယ်။ အဲဒီ စီးပွားရေးဖိုရမ်မှာလည်း နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ပဲ မြန်မာနိုင်ငံမှာ ဘယ်လိုစီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်၊ အခွင့်အလမ်းတွေ ဘာတွေရှိမယ်၊ မြန်မာနိုင်ငံဘက်က ဘာတွေ ဆောင်ရွက်ပေးမယ် စသည်ဖြင့် ဒါတွေကို အသေးစိတ် Presentation နဲ့ ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ ထားဝယ်ရေနက်ဆိပ်ကမ်းမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ စွမ်းအင်ကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေကိုသာ ကျွန်မတို့ အမှန်တကယ် အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေကို ယူဆောင်ခဲ့တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စွမ်းအင်ကဏ္ဍမှာ ကျွန်မတို့ ဆွေးနွေးခဲ့တာက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကိစ္စ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့၊ နျူကလီးယားကဏ္ဍ စသည်ဖြင့်စွမ်းအင်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ LNG ပါ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းမှာ ကျွန်မတို့ LNG စက်ရုံ




တည်ဆောက်ပြီးတော့ အိမ်နီးနားချင်းနိုင်ငံတွေကို LNG နဲ့ သဘာဝဓာတ်ငွေ့တွေ တင်ပို့ရောင်းချဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ အာကာသနဲ့ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောတူညီချက်တွေကို ဖော်ဆောင်နိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အာကာသဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာတွေ အများကြီးပါ၊ အဓိကတော့ လေးခုပါ။ ၂၀၂၈ ခုနှစ်မှာ ကျွန်မတို့မြန်မာနိုင်ငံက အာကာသယာဉ်မှူးကို အာကာသယာဉ်နဲ့ စေလွှတ်နိုင်ရေး၊ ဒါက အဓိကအရေးအကြီးဆုံး အချက်ပါ။ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေး Station မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့၊ GNSS Station တည်ဆောက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ အာကာသကနေ ကမ္ဘာမြေအနီးမှာ အာကာသအန္တရာယ် ကျရောက်နိုင်တဲ့ အရာတွေကို စောင့်ကြည့်ပြီး ကာကွယ်ဖို့အတွက် Station တည်ဆောက်ဖို့၊ အဲဒီ လေးခုကို ကျွန်မတို့ MoU ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ Plekhanov Economics University က နိုင်ငံတော်သမ္မတကြီးကို ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့တယ်။ ဒီဟာက မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Plekhanov Economics University က ကျွန်မတို့ရဲ့ သမ္မတကြီးကို ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။ ဒါတကယ်တော့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ထိတွေ့ဆက်ဆံမှုရဲ့ အစကနဦးလို့ ပြောလို့ရပါတယ်။ အခုလိုချီးမြှင့်လိုက်တဲ့အတွက် ကျွန်မတို့ပညာရေးကဏ္ဍ ရင်းနှီးသွားတယ်။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဲဒီစီးပွားရေးတက္ကသိုလ်မှာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်တယ်၊ အဲဒီတော့ ကျောင်းသားအချင်းချင်း ထိတွေ့ဆက်ဆံရေး၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ နောက်တစ်ခါ ပညာရှင်ဖလှယ်ရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ scholarship ကိစ္စတွေ ပူးပေါင်းဆောင်ရွက်ရေး၊ ဒါတွေအားလုံးအတွက် လမ်းစပွင့်သွားပြီ၊ ကျွန်မတို့နိုင်ငံရဲ့ လူငယ်တွေ အနာဂတ်အတွက် အခွင့်အလမ်းလို့ ပြောလို့ရပါတယ်။

**မေး။ ။ ဘယ်လာရုစ်နိုင်ငံနဲ့ ဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းအရာတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးက ဘယ်လာရုစ်နိုင်ငံ သမ္မတကြီးနဲ့ အခုခရီးစဉ်အတွင်း နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တဲ့အပြင် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာ စီးပွားရေးဖိုရမ်ပြုလုပ်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ တကယ်တော့ ဘယ်လာရုစ်နိုင်ငံက ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံပါ။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာက စိုက်ပျိုးမြေဧရိယာ ၃၃ သန်းကျော် ရှိပါတယ်။ လုပ်သားအင်အားကလည်း အလုံအလောက်ရှိပါတယ်။ ဒါက ကျွန်မတို့ရဲ့ အားသာချက်ပါ။ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်ကျတော့ စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေရှိပါတယ်။ နောက်တစ်ခါ သူတို့မှာ ဓာတ်မြေဩဇာစက်ရုံတွေရှိပါတယ်။ လယ်ယာထုတ်ကုန်ပစ္စည်းကိရိယာတွေ၊ ဒါက တကယ့်ကမ္ဘာမှာ နာမည်ကျော်တဲ့ ပစ္စည်းတွေ ထုတ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက် ပူးပေါင်းပြီးတော့မှ ကျွန်မတို့ ဒီ farming ကနေ food processing အထိကို ပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့အတွက် သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒါ့အပြင် သမ္မတကြီးက ထားဝယ်ရေနက်ဆိပ်ကမ်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့၊ စက်ရုံတွေဆောက်ဖို့၊ တာယာစက်ရုံတို့၊ ကုန်တင်ယာဉ်အကြီးစားတွေ ဆောက်ဖို့၊ သီလဝါစီးပွားရေးဇုန်မှာလည်း လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap နဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်တဲ့အချိန်မှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap ဆိုတာ ရှိပါတယ်။ အဲဒီ Roadmap မှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကဏ္ဍစုံပါပါတယ်။ ဒီ Roadmap အတိုင်းကို အလေးထားပြီး ဆောင်ရွက်ဖို့ နှစ်နိုင်ငံသမ္မတတွေက အလေးထားပြီး ပြောကြားခဲ့ပါတယ်။ Timeline ကိုလည်း သူ့ Timeline နဲ့ အတိအကျ သွားဖို့၊ အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ နောက်တစ်ခုကတော့ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ပြောကြားဆွေးနွေးတာက ကျွန်မတို့ဟာ အပြိုင်အဆိုင် စီးပွားရေးလုပ်တာ မဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံက အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်တာပါ။ ဒီတစ်ချက် ပြောပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး၊ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့ မတူဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ကုန်ပစ္စည်းတွေကို ကျွန်မတို့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ ကူညီဆောင်ရွက်သွားမယ်၊ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမယ်၊ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်။ ဒါကျွန်မတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လာရုစ်နိုင်ငံကနေ အတတ်နိုင်ဆုံး အားဖြည့်ကူညီပေးမယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။

**မေး။ ။ သမ္မတကြီးရဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ် ဘယ်လိုမျိုး ပြောပြချင်ပါသလဲ။**

ဖြေ။ ။ ဒီနေ့ဆိုရင် နိုင်ငံတော်အစိုးရသစ် တက်လာတာ ၁၃၆ ရက်ရှိပါပြီ၊ ဒီနေ့မပါဆိုရင် ၁၃၅ရက်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ နိုင်ငံပေါင်း ခြောက်နိုင်ငံကို သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးက ခြောက်နိုင်ငံမှာ အားလုံးမိုင်ပေါင်း ၂၀၀၀၀ နီးပါး ခရီးသွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း တရုတ်၊ အိန္ဒိယနဲ့ ရုရှားစတဲ့ ကမ္ဘာ့နိုင်ငံကြီး သုံးနိုင်ငံအပါအဝင် ခြောက်နိုင်ငံလုံးက Head of State ၊ Head of Government ၊ လွှတ်တော်၊ Regional level ၊ Ministerial level ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီခရီးစဉ်တွေကနေ အပြန်အလှန်ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

**မေး။ ။ ရုရှားသမ္မတကြီးနဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုတည်ဆောက်ဖို့အတွက် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ လောလောဆယ်တော့ ကျွန်မဘက်က ဒါနဲ့ပတ်သက်လို့ အသေးစိတ်မပြောနိုင်ပါဘူး။ ဆွေးနွေးခဲ့တာတော့ ဟုတ်ပါတယ်။ ဒါကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မသိသလောက်တော့ Mini ပါ။ **သတင်းအဖွဲ့**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ




တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ပြုလုပ်ရာ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများကို တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိနှင့် ဆရာတော်၊ သံဃာတော်များထံ စစ်ရေးချုပ်ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၉ ကျောင်း၊ သီလရှင်ကျောင်း ကိုးကျောင်း၊ သဒ္ဒါမိက ဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှုအစုစုမှာ အလှူငွေ ၄၂၉ သိန်း သုံးသောင်းခြောက်ထောင်ကျပ်၊ ဆန် ၅၆၇ အိတ်ရှစ်ပြည်၊ ဆီ ၁၆၇ ပိဿာ ၈၀ ကျပ်သား၊ဆား ၁၆၇၈ ပိဿာ၊ ပဲ ၁၆၇၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၂၂၄၁ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘားမားကော်ဖီ ငါးဖာ၊ ရုပ်အချိုရည် တစ်ဖာတို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အရိပ်မထွက်ဘုရားနှင့် သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့်မြတ်စွာဘုရား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်



မန္တလေး ဩဂုတ် ၂၃

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်ဘုရား စေတီတော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၁၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ၂၀၂၇ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့် မြတ်စွာဘုရား အထက်ပစ္စယံငြမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဘုရားနီဘုရားသည် အမရပူရလက်ရာဖြစ်သည့်အတွက် အတွင်း နှစ်ထပ်မူလစေတီကို ဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ကြည့်ရှုအားပေးပြီး ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများ ထိခိုက်မှုမရှိအောင် ပြုပြင်ထိန်းသိမ်းရန်၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင် စေတီတော်ကြီးမြင်ကွင်းမကွယ်အောင်စီစဉ်ရန်၊ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်သာသနာ့ဗိမာန်တော်၌ ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံအဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသော ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋီကာ သစ်ကျမ်းကြီးစာအုပ်များကို ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ၊ ရှေးစာဆိုများ၏ ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများ၊ ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီး စာအုပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘုန်းရုံသီကျောင်းတိုက်ဆရာတော် အမှူးပြုသော စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာရေစက်ချတရားနာကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းမှ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေး



ကျောက်ဆည် ဩဂုတ် ၂၃

လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ခတ်တောကျေးရွာ၌ တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့တွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်၊ ဘွဲ့လွန်ပညာ သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ကြည့်ရှု အားပေးသည်။

ဦးစွာ တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ဘိုမြင့်သူကုမ္ပဏီ အထွေထွေမန်နေဂျာက လက်ရှိစိုက်ပျိုးထားသည့် တစ်သျှူးငှက်ပျောမျိုးများအကြောင်း၊ စိုက်ပျိုးနည်းစနစ်၊ အပင်ပြုစုခြင်းနှင့် ဈေးကွက်ရွေးချယ်ရောင်းချသည့် နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ဇီဝနည်းပညာ သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများဖွင့်လှစ်ပေးလျက်ရှိသည့်သင်တန်းများ၊ လွှဲပြောင်းပေးအပ်ခဲ့သည့် သုတေသနများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး၊ နည်းပညာတတ်ကျွမ်းသည့် လူငယ်များနှင့်ပေါင်းစပ်၍ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေး လက်တွဲဆောင်ရွက်ရန် အမှာစကားပြောကြားပြီး ကုမ္ပဏီသို့ စိုက်ပျိုးရေး သွင်းအားစုများပေးအပ်ကာ တစ်သျှူးငှက်ပျောစိုက်ခင်းကို ကြည့်ရှုလေ့လာသည်။

အလားတူ ကျောက်ဆည်မြို့ လမ်းဦးစီးရိပ်သာအစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများကို ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများကို ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ရပ်ကွက်၊ ကျေးရွာများ ရေဝင်ရောက်မှု၊ ရေရှောင်စခန်းများဖွင့်လှစ်ထားရှိမှု၊ သီးနှံများရေလွှမ်းနစ်မြုပ်မှု၊ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းမှု၊ ဌာနဆိုင်ရာရုံးများ ရွှေ့ပြောင်းထားရှိမှု၊ ကားလမ်း၊ ရထားလမ်းများရေကျော်မှု၊ ရေဘေးသင့်ပြည်သူများအတွက် ဆန်လိုအပ်မှုအခြေအနေကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကျုံပျော်မြို့နယ်အားကစားခန်းမနှင့် မဏိရတနာရာမပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး၏ ကျန်းမာရေးဆိုင်ရာအသိပညာပေးဆွေးနွေးမှုကို ကြည့်ရှုအားပေးကာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



အလားတူ ကျုံပျော်မြို့အဝင် မိုင်တိုင်အမှတ်(၃၈/၇)နှင့်(၃၉/၁)ကြားရှိ ကြာအင်းတံတား ရေကျော်စီးဝင်မှု၊ ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမတွင် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာစုဆောင်းထားရှိမှု၊ ပုသိမ်-မုံရွာ ကားလမ်းမိုင်တိုင်အမှတ်(၁၉/၂-၁၉/၄) ရွှေကျောင်းခုံးတံတားရေစီးဆင်းနေမှု၊ ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် The Spirit of Brotherhood Mission(TSBM)အသင်းအဖွဲ့က လှူဒါန်းသောရေသန့်စင်စက်တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရကဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅ ။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇ ။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

**❑ အစားအစာပြိုင်ပွဲမှ**

နှစ်ရက်တာ ကျင်းပသည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ ၂၀၂၆ (မန္တလေး) ဒုတိယနေ့အစီအစဉ်များအဖြစ် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တည်ခင်းပြသခြင်း၊ မြန်မာနိုင်ငံလက်ဖက်နှင့် ကော်ဖီအသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခြင်း၊ "ဒေသအစားအစာအရသာမှ ကမ္ဘာ့အဆင့်မြင့်ထူးချွန်မှုဆီသို့ ကမ်းလှမ်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်း၊ မြန်မာ့ရိုးရာထုတ်ကုန်ပစ္စည်းများကို အသုံးပြု၍ ကော့တေးပြုလုပ်ပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ ပြိုင်ပွဲနှင့်ပြပွဲ ဒုတိယနေ့ကျင်းပမှုကို ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စားသောက်ဆိုင်လုပ်ငန်းရှင် အသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အမှာစကားပြောကြားသည်။

မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ ၂၀၂၆ (မန္တလေး) ကျင်းပရာတွင် အစားအသောက် လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကိုမျှဝေပေးသည့် စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၁ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြခန်း ၁၄၁ ခန်းခင်းကျင်းပြသရောင်းချကာ အဆိုပါပြိုင်ပွဲနှင့်ပြပွဲသို့ လာရောက်လေ့လာဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**■ အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲမှ**



ပွဲချိန်ကြာလာသည်နှင့် ရောဝတီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရောဝတီအသင်းက လင်းမြင့်မိုရ်ကို လူစားလဲအသုံးပြုပြီး တိုက်စစ်ပိုင်း ပိုမိုမြှင့်တင်ကာ ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၅၆ မိနစ်တွင် လူစားဝင်ကစားသမား လင်းမြင့်မိုရ်ကပင် ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ရောဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီ အမျိုးသမီးအသင်းသည် အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုသုံးပွဲတွင် စင်ကာပူကလပ် FC Jourong အသင်းကို လေးဂိုး ဂိုးမရှိ၊ လက်ဘနွန်ကလပ် No Limits FC အသင်းကို ရှစ်ဂိုး ဂိုးမရှိ၊ တရုတ်(တိုင်ပေ) ကလပ် New Taipei City အသင်းကိုလည်း တစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် အုပ်စုသုံးပွဲလုံးအနိုင်ရရှိခဲ့ကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**


**❍ ယင်းမာပင်မြို့နယ်မှ**

ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၁၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ စပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၈၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)




**● မိုးထစ်ချုန်းရွာမည်မှ**

နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" (Narra)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## သောင်ရင်းမြစ်ရေ မြဝတီမြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ ညနေ ၃ နာရီအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

**❖ လေဖိအားနည်းရပ်ဝန်းမှ**

ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။







မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ဦးရေ ၂၀ တို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။






မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအသုံးပြုသည့် နေအိမ်နှင့်လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

◆ **အွန်လိုင်းလိမ်လည်မှု**

စနစ်တကျအစီအစဉ်ချ၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ ဦးရေ ၂၀ ကို လုပ်ငန်းသုံး ပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန် အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကောင်းမူးလွယ်နယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ဦးရေ ၂၀ တို့ကို ဖုန်းမျိုးစုံ ၇၇ လုံး၊ ALL IN ONE ကွန်ပျူတာ သုံးလုံး၊ LAPTOP တစ်လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့်အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

( ခ ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

( ဂ ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

( င ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

( စ ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

( ဇ ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

( ဈ ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

( ဋ ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

( ဌ ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

( ဍ ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

( ဎ ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန် အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများအား ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား လေးဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား လေးဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ယင်းတိုက်ကွင်းကျေးရွာနေ ဦးအောင်စိုး ၅၆ နှစ်သည် ဩဂုတ် ၁၇ ရက် ည ၆ နာရီခွဲခန့်တွင် ၎င်းပိုင်ဆိုင်သည့် YGN–1 DD–7113 TOYOTA SUCCEED တက္ကစီယာဉ်ကို အမျိုးသား သုံးဦး(စိစစ်ဆဲ)က ထောက်ကြန့်ဘက်သို့ သွားရောက်လိုကြောင်း ပြောဆိုငှားရမ်းခဲ့သဖြင့်လိုက်ပါခဲ့ပြီး မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာ မြေစာရင်းတောရရိပ်သာ ဘုန်းကြီးကျောင်းမုခ်ဝအရောက်တွင် အဆိုပါအမျိုးသား သုံးဦးက ဦးအောင်စိုးကို ကတ်ကြေးဖြင့်ထောက်၍ ခြိမ်းခြောက်ပြီး လက်သီးဖြင့်ထိုးကာ ၎င်း၏လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်၍ ပါးစပ်ကိုတိပ်ဖြင့် ပိတ်ခဲ့ပြီးနောက်ငွေကျပ်လေးသိန်း၊ Redmi note 5 အမျိုးအစား ဖုန်းတစ်လုံးနှင့် မော်တော်ယာဉ်တို့ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး မှော်ဘီမြို့မရဲစခန်းက (ပ)၄၀၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၉၇/၃၄ ဖြင့် အမှုရေးဖွင့်စုံစမ်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး အခင်းဖြစ်ရပ် မှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်း ရယူစုံစမ်းခြင်းတို့ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာမှပါ ဆုံးသွားခဲ့သည့် သက်သေခံ YGN–1 DD–7113 TOYOTA SUCCEED တက္ကစီ မော်တော်ယာဉ်ကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၅၂)ရပ်ကွက် မဒကျေးရွာ အောင်သပြေလမ်းဘေး၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံများကို ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်နေ သက်ပိုင်ဦး ခေါ် ဝက်ကုန်း ၂၇ နှစ်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်ဦး ခေါ် ဝက်ကုန်း၏ ထွက်ဆိုချက်အရ တက္ကစီယာဉ်များအား လုယက်မှုကျူးလွန်ခဲ့ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများမှာ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီး၊ဝေယံ ခေါ် ဖိုးစည်၊ ဝေယံထွန်း ခေါ် ဝေယံတို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာနေ ဝေယံ ခေါ် ဖိုးစည် ၂၃ နှစ်ကို ၎င်း၏နေအိမ်မှ လည်းကောင်း၊ တစ်ရွာတည်းနေ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီး၊ ဝေယံထွန်း ခေါ် ဝေယံ တို့ကို မှော်ဘီမြို့နယ် သနွှေပင်ကျေးရွာ (တောင်ပိုင်း) ၂ဂိတ်လမ်း ဂျုံးဖြူပိုက်လိုင်းအနီးမှလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ သက်ပိုင်ဦး ခေါ် ဝက်ကုန်း၊ ဝေယံ ခေါ် ဖိုးစည်၊ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီးတို့ သုံးဦးသည် ဩဂုတ် ၁၄ ရက်တွင် ဝေယံ ခေါ် ဖိုးစည်၏နေအိမ်၌ တွေ့ဆုံခဲ့ကြပြီး ငွေကြေးလိုအပ်ချက်အရ တက္ကစီယာဉ်များကို ငှားရမ်းစီးနင်းကာ လုယက်မှုကျူးလွန်ကြရန် တိုင်ပင်ခဲ့ကြကြောင်း၊ ဩဂုတ် ၁၇ ရက် ညပိုင်းတွင် ၎င်းတို့ သုံးဦးသည် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ ကာယ(၁၂) လမ်းမှတ်တိုင်မှ TOYOTA SUCCEED အမျိုးအစား တက္ကစီယာဉ်တစ်စီးကို ငှားရမ်းကာ မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာ မြေစာရင်းတောရရိပ်သာဘုန်းကြီးကျောင်းမုခ်ဝအရောက်၌ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီးက ယာဉ်မောင်းကို အသင့်ပါလာသော ကတ်ကြေးဖြင့် ထောက်ကာ ဝိုင်းဝန်းထိုးကြိတ်ပြီး သက်ပိုင်ဦး ခေါ် ဝက်ကုန်း၊ ဝေယံ ခေါ် ဖိုးစည်တို့က လက်နှစ်ဖက်ကို ကြိုးတုပ်ချည်နှောင်၍ ပါးစပ်နှင့်မျက်လုံးများကို တိပ်ဖြင့်ပိတ်ပြီး မှော်ဘီမြို့နယ် ဘိုးဘိုးကြီးနတ်နန်းအနောက်ဘက်ရှိ သစ်ပင်တွင် ချည်နှောင်ခဲ့ကာ လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် လေးသိန်း၊ မော်တော်ယာဉ်တို့ကို လုယက်ယူဆောင်ခဲ့ကြကြောင်း။

ထပ်မံ၍ ဩဂုတ် ၂၀ ရက် ညပိုင်း၌ တရားခံ သက်ပိုင်ဦး ခေါ် ဝက်ကုန်း၊ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီး၊ ဝေယံထွန်း ခေါ် ဝေယံတို့ သုံးဦးသည် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း မဟာကြိမ်သစ္စာရှင်ဘုရားရှေ့မှ YGN–9 AA–2462 TOYOTA CALDINA တက္ကစီယာဉ်ကို ငှားရမ်းခဲ့ပြီးနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(၁၂၁) ရပ်ကွက် အမှတ်(၇) လမ်း စိတ်ကျန်းမာရေးဆေးရုံကြီးအနီး အရောက်၌ မော်တော်ယာဉ်ကို ရပ်တန့်ခိုင်းခဲ့ကြောင်း၊ ထို့နောက် ယာဉ်မောင်းကို ယာဉ်ပေါ်မှဆွဲချပြီး ခြေထောက်နှင့် လက်များကို ကြိုးဖြင့်တုပ်၊ ပါးစပ်ကို တိပ်ဖြင့်ပိတ်ကာ အသင့်ပါလာသော ဓားဖြင့် ယာဉ်မောင်း၏ပေါင်ကို သုံးချက်ထိုး၍ လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် တစ်သိန်းနှင့် မော်တော်ယာဉ်တို့ကို လုယက်ယူဆောင်ခဲ့ကြကြောင်း သိရှိရပြီး လုယက်မှုကျူးလွန်ရာမှ ရရှိသည့်ငွေများကို အသီးသီးခွဲဝေသုံးစွဲခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၂ ရက်တွင် လုယက်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် အရိုးအသွား ရှစ်လက်မခန့်ရှိ ကတ်ကြေး တစ်လက်၊ အရိုးအသွား ၁၃ လက်မခွဲခန့် ဓားဦးချွန် တစ်ချောင်း၊ YGN–1 DD–7113 TOYOTA SUCCEED တက္ကစီမော်တော်ယာဉ်မှ ဖြုတ်ယူခဲ့သည့် Quantum အမျိုးအစား ၁၂ ဗို့ ဘက်ထရီအိုး တစ်လုံး၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာရှိ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီး၏ နေအိမ်မှလည်းကောင်း၊ သက်သေခံ YGN–9 AA–2462 TOYOTA CALDINA မော်တော်ယာဉ်ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(၁၃၀) ရပ်ကွက် ရေသန့်လမ်းပေါ်မှလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ သက်ပိုင်ဦး ခေါ် ဝက်ကုန်း၊ လှိုင်ကျော်ထွန်း ခေါ် ကျော်ကြီး၊ ဝေယံ ခေါ် ဖိုးစည်၊ ဝေယံထွန်း ခေါ် ဝေယံတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလေးမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ခြောက်သန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် ည ၇ နာရီခွဲတွင် သတင်းအရ ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ နေအိမ်တွင် မျိုးမြင့်နိုင် ခေါ် ကိုမျိုး၊ ထွန်းထွန်းနိုင် ခေါ် ဗန်လျန်းမွန်နာ ခေါ် ဆန်းဒယ်ဘတယ် ခေါ် ဗဒင်တို့ကို စိတ်ကြွဆေးပြား ၆ ဒသမ ၂ သန်း (၎င်းဒေသ တန်ဖိုးငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




မျိုးမြင့်နိုင် ခေါ် ကိုမျိုး၊ ထွန်းထွန်းနိုင် ခေါ် ဗန်လျန်းမွန်နာ ခေါ် ဆန်းဒယ်ဘတယ် ခေါ် ဗဒင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို စစ်ကိုင်းမှ ကလေးသို့ သယ်ဆောင်ခိုင်းသူမှာ နမ့်စန်မြို့နယ် ပန်လင်းဆိုင်ရွာနေ ကျော်မြင့် ခေါ် သာရှည်ကော (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ကလေးမြို့ စမ်းမြို့ရပ်ကွက်နေ လာလ်ရှိဒင်းငါ ခေါ် ဒင်းသဲ၊ ရန်ကုန်မြို့နေ မောင်သန်းနှင့် တီးတိန်မြို့နေ အင်းဆွင်းပုမ်း(ဖမ်းဆီးရန်ကျန်)တို့ သုံးဦးက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## သံလွင်၊ စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သူဌေးကြီးဦးမြတ်သာနှင့် သူ၏မျိုးဆက်သစ်များ

**နွေကုံကော်(မြို့လှ)**



"တော်သေးတာပေါ့ မလတ်ရာ မိုးလွတ်သွားလို့ ကဲ ကျွန်တော်သွားပြီနော်"

အစ်မဖြစ်သူကို လိုင်းကားပေါ်တင်ပြီးသည်နှင့် မောင်ငယ်အာကာ ဆိုင်ကယ်ကို နောက်ကြောင်းပြန်လှည့်သွားလေသည်။

အိမ်မှထွက်ကတည်းက အုံ့လာသောမိုးက ကားပေါ် ရောက်ရောက်ချင်း ဖွဲဖွဲလေး စကျသည်။ အိမ်ပြန်မည့် မောင်လေးကတော့ မိုးအတွက် ပူပင်စရာမရှိ။ ကျောင်းသွားဖို့ အချိန်ရသေးသည်။ အိမ်ရောက်လျှင် အဝတ်အစားလဲ၍ ရသည်။

"မိုးမသည်းခင် ဘေးကာလေးတွေ ချထားလိုက်ပါလား ကားဆရာ" တစ်ဖက်ခြမ်းထိုင်ခုံမှ ကျောင်းဆရာမတစ်ဦးက ကားစပယ်ယာကို လှမ်းပြောလိုက်၏။ မိမိနှင့် မတိမ်းမယိမ်း အရွယ်သာရှိပါဦးမည်။ နွေးထွေးထက် အလွန်ဆုံးကြီးမှ သုံးနှစ်မျှသာပေါ့။

"ဟုတ်ကဲ့ပါ ဆရာမရေ၊ ရှေ့ကတစ်ယောက် တင်ရင်း တစ်ခါတည်း ချလိုက်ပါ့မယ်"

"မိုးကလဲ ဒီနှစ်ကျမှများ တော်တော့်ကို သစ္စာရှိနေတော့တာပဲ" ဘေးမှာကပ်ထိုင်နေသည့် ခရမ်းချဉ်သီးတောင်းနှင့် ခရီးသည်အဒေါ်ကြီးကလည်း မိုးကို ပြုံးစူလေသည်။ သူပြောတာလည်း မှန်ပါ၏။ နွေးထွေးကိုယ်တိုင် မိုးကြောင့် စိတ်ပျက်သည်မှာ ကြာလေပြီ။ အရင်နှစ်တွေတုန်းက ဒီလောက် ခပ်စိပ်စိပ်မရွာခဲ့ဖူး။

ကျောင်းပြီး၍ အလုပ်စဝင်ကတည်းက မိုးက နေ့တိုင်းလိုလို အဖော်ပြုပေးနေသည်။ အရင်နှစ်တွေက မကျေပွန်ခဲ့သည့် သူ့တာဝန်များကို ဒီနှစ်မှများ အတိုးချဆပ်နေရော့သလားမသိ။ တောင်သူဦးကြီးတို့ ပျော်နေရှာသော်လည်း နေ့စဉ်ရုံးသွားရုံးပြန်နေရသည့် သူတို့လို ဝန်ထမ်းတွေအတွက်တော့ ဘယ်မှာ ပျော်နိုင်ရှာပါ့။

မိုးရေဖွေးဖွေးအောက်မှာ သူတို့တွေ ပြေးလွှားလှုပ်ရှားနေကြရသည်။ ရုန်းကန်နေရသည်။

"နေပြည်တော်မှာပဲ အလုပ်တစ်ခုရထားတာ တော်သေးတာပေါ့ အမေရယ်၊ နေရာရွေးနေလို့မှ မဖြစ်တာ"

"လစာနည်းတာများတာ အပထား၊ လူ့ပတ်ဝန်းကျင် လူတောတိုးနိုင်အောင်၊ ဘဝသင်ခန်းစာရအောင် ဝင်လုပ်သင့်တာပေါ့ မလှခင်ရာ"

ဘွဲ့ရပြီးပြီးချင်း အလုပ်တစ်ခု ကောက်ကာငင်ကာ ရလိုက်ခြင်းသည်ပင် နွေးထွေးခင်အတွက် ကံကြမ္မာ၏ မျက်နှာသာပေးခြင်းဟု ဆိုရပေမည်။ အလုပ်စောင့်ရင်း မိဘလယ်ထဲ ကူလုပ်လို့ရသော်လည်း အဖေက လယ်ထဲမှာ အချိန်မဖြုန်းခိုင်း။

နွေးထွေးကလည်း အဖေ့သမီးပီသခဲ့၏။ အခုဆို သူ၏ လုပ်ငန်းခွင်သက်က ရှေ့တစ်ပတ်မှာ နှစ်လတင်းတင်းပြည့်တော့မည်။ ရက်ပေါင်း ၆၀ ကာလအတွင်း စနေ၊ တနင်္ဂနွေ မှတစ်ပါး အသွားအပြန်ရုံးတက်ရသည့် ခရီးကားမသက်သာလှ။

နေပြည်တော်ဟု လွှမ်းခြုံခေါ်ဆိုသည့် အရပ်ဒေသ တစ်ခုတည်းမှာရှိသည့်တိုင် ပျဉ်းမနားမြောက်ဘက် ဇေယျာသီရိမြို့နယ်ထဲမှ သူ့ရွာလေးကနေ ပျဉ်းမနားအနောက်ဘက် ဇမ္ဗူသီရိမြို့နယ်ရှိ သပြေကုန်းထိ သွားရသည့်လမ်းကြောင်းအတွက် ရွှေမြို့တော်ဟုခေါ်သည့် မြို့ပတ်ကားကို အားကိုးရသည်။

ကားအချိန်မီအောင်စီးဖို့ ပြင်ဆင်ရသည့် နိစ္စဓူဝ နံနက်ခင်းများ အကြောင်းတွေးမိတိုင်း ရန်ကုန်က ဝန်ထမ်းတွေလောက် ကိုယ့်အဖြစ်က မဆိုးသေးပါလားဟူသော အသိတရားဖြင့် ဖြေသိမ့်မိသည်။

အခုမှ အလုပ်ဝင်စမို့ အလုပ်ချိန်နောက်မကျရေးအတွက် အထူးအလေးထားရ၏။ အိမ်ကနေ ရုံးထိ ကားစီးချိန်က တစ်နာရီခွဲ။ ထိုခရီးကို ဆိုင်ကယ်နဲ့လဲမသွားနိုင်။ ရသည့်လစာနှင့် ဆီဖိုး၊ ထမင်းစရိတ် ဘယ်လိုမှကာမိမည်မဟုတ်။ ဒီတော့ ရှားရှားပါးပါး လိုင်းကားပဲအားကိုးရသည်။ အချိန်အခါအလျောက် ရွာသွန်းသည့်မိုးကို ပြုံးစူနေလို့ မရတော့ဘဲ မိုးဒဏ်ရှောင်ကွင်း၊ စိတ်ရှည်ရှည် ကားစောင့် ကားစီးပြီးတော့ပဲ တစ်နာရီခွဲပေါင်းများစွာကို ကျော်ဖြတ်ရလေသည်။

ရုံးဝတ်စုံကို ရုံးရောက်မှလဲဝတ်၍ ရသည့်တိုင် အိမ်မှဝတ်လာသည့် ဝတ်စုံကို သိမ်းရဆည်းရသည့်အတွက် အလုပ်တစ်ခုပို၏။ ဒါကြောင့်မို့ ရုံးတက်ချိန် ရုံးဆင်းချိန်တွေဆို မိုးမရွာစေလို။

"ဟား မိုးကတော့ စပြီ"

နေပြည်တော်ဘုတာကြီးနားအရောက် ဖွဲရာမှ သည်းလာသော မိုးစက်များကြောင့် နေသစ် ဆိုင်ကယ်ကို ရပ်လိုက်ရသည်။

"မိုးကာ တစ်ခါတည်းဝတ်သွားပါလားကွာ"

အိမ်မှအထွက် အုံ့ပျပျရှိသောမိုးကိုကြည့်ပြီး အဖေက မိုးကာဝတ်ဖို့ သတိပေးခဲ့သည်။ ဒါကို သူက

"ရွာမှသာ ရွာပစေတော့အဖေရာ၊ မိုးကာကြီး ခြုံထားရတာပူတယ်"ဟု စောဒကတက် ဆင်ခြေပေးခဲ့၏။

အခုတော့ ဆိုင်ကယ်ပေါ်ကဆင်းလျက် ရှေ့ခြင်းထဲက မိုးကာထုတ်၍ ဝတ်ရသည်။ ဆိုင်ကယ်ဦးထုပ်ကိုလုံအောင်ပြန်စောင်းပြီး ဆိုင်ကယ်ကို ဆက်မောင်းခဲ့သည်။ စောစောကလောက် အရှိန်တင်၍ မရတော့ပေ။ ပန်းခင်းလမ်းမီးပွိုင့်ရောက်တော့ ဆိုင်ကယ်ကို အနောက်ဘက်ကွေ့ကာ ဥပ္ပါတသန္တိဘုရားကြီးဘက် တက်လိုက်သည်။

ရာဇဌာနီလမ်းအတိုင်း အနောက်စူးစူးသို့ ထပ်မောင်းရမည်။ ကုမုဒြာကြာပန်းအဝိုင်း ရောက်လျှင် သပြေကုန်းဘက်ထပ်ချိုးရမည်။ ဒါက နေသစ်၏ နေ့စဉ်ရုံးအတက်အဆင်းလမ်းကြောင်းပင်တည်း။

"မင်းလစာနဲ့ တစ်ရက်တစ်ရက် အသွားအပြန် ဆိုင်ကယ်ဆီဖိုး ကာမိရဲ့လားကွာ၊ နောက်ပြီး ကျွတ်၊ တာယာ၊ အင်ဂျင်ဝိုင်ကလဲ သုံးလ တစ်ခါလောက် တောင်းနေမှာ၊ တခြားအလုပ်လေး နီးနီးနားနား မရှိတော့ဘူးလား"

နေသစ် အလုပ်ဝင်စက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေသည့် အစ်ကိုအကြီးဆုံးက ထိုသို့ ဆိုခဲ့ဖူးသည်။

"ကိုယ့်တိုင်းကိုယ့်ပြည်မှာဆိုတော့ နံပါတ်တစ်လုံခြုံတယ်၊ နံပါတ်နှစ် အဖေအမေနဲ့လဲ အရေးအကြောင်းဆို ချက်ချင်းတွေ့နိုင်တယ်။ နံပါတ်သုံး ကျွန်တော့်ဝါသနာနဲ့လဲကိုက်တယ်။ ဒါကြောင့်မို့ ဒီအလုပ်ကိုရွေးပြီး ကိုယ့်ဘဝ ကိုယ်ကျောင်းနိုင်အောင်ကြိုးစားနေတာ အစ်ကိုကြီးရေ၊ ဩော်... အရေးကြီးတာမေ့သွားလို့ ရတဲ့လစာက အိတ်မစိုက်ရပေမဲ့ အဖေနဲ့အမေကိုတော့ လစဉ်ကန်တော့နိုင်တယ်ဗျ၊ သူများတွေလို အရင်းအနှီးမများဘူး၊ အလဟဿလဲ မဖြစ်ဘူး"

တစ်ခါတုန်းက အစ်ကိုဖြစ်သူကို ထိုသို့ ဘုကန့်လန့်အငြင်းတူးခဲ့ဖူးသည်။

မောင်နှမလေးယောက်တွင် တစ်မိပေါက် တစ်ယောက်ထွန်းသော အစ်ကိုက ဘာအလုပ်မှ လက်ကြောမတင်း။ ၁၀ တန်း မအောင်သော်လည်း အလုပ်ကျတော့ ကြေးများသည်။ ဟိုအလုပ် မလုပ်ချင်ရ၊ ဒီအလုပ် မလုပ်ချင်ရဖြင့် အလုပ်တိုင်းက သူနှင့် မတန်သလိုလို။

အငြိမ်းစားမိဘနှစ်ပါး၏ ငွေလေးတို့ဖြင့် နိုင်ငံခြားထွက်သွားခဲ့တာ နှစ်နှစ်ရှိတော့မည်။ အဖေနှင့် အမေဆီ အသွားစရိတ်လေးကျေရုံမျှသာ သူတာဝန်ယူထားသေး၏။

နေသစ်လက်ရှိလုပ်နေရသည့်အလုပ်က အိမ်နှင့်ဆိုလျှင် တောင်နှင့်မြောက်ဖြစ်သည်။ ဆိုင်ကယ်စီးလျှင် လေးဆယ့်ငါးမိနစ်တော့ကြာသည်။ သပြေကုန်းအဝိုင်းရောက်ခါနီးမှ မိုးတိတ်သွားသည်။ ဝန်ထမ်းကြိုပို့ကားတွေလည်း ရှုပ်ထွေးစပြုနေလေပြီ။

ဘာပဲပြောပြော တစ်ဝမ်းတစ်ခါးအတွက် နယ်ဝေးမှာ သွားရောက်လုပ်ကိုင်နေကြသူတွေထက်စာလျှင် ကိုယ့်အိမ်ကနေ ရုံးတက်ခွင့်ရတာသည်ပဲ မနည်းလှသေးဟု နေသစ်တွေးသည်။ ဆိုင်ကယ်သိမ်းပြီးသည်နှင့် ထမင်းစားခန်းဘက် ကူးခဲ့လိုက်သည်။ အဝတ်အစားလဲရဦးမည်ဖြစ်၏။ သူ့လိုပဲ တခြားမိုးစိုလာသူတွေလည်း အဝတ်အစားလဲဖို့ ပြင်ဆင်နေကြလေသည်။ အောင်ကိုဦးနှင့် မျိုးကျော်တို့နှစ်ယောက်ကတော့ လက်ဖက်ရည်သောက်နေကြသည်။

"မင်းတို့ အိမ်နီးနီးကလာတဲ့ကောင်တွေက ခုမှ ဘာရိတ်ဖတ်ဆွဲနေကြတာလား"ကွာ

"ဟား ဒီနေ့က ဝဲယ်သားမကောင်းတော့ ဆိုင်မထိုင်ဖြစ်ဘူးလေ မနက် ၈ နာရီခွဲသည်နှင့် ရုံးတက်မှတ်ပုံတင်စာအုပ်တွင် သူတို့ အားလုံး လက်မှတ်ထိုးပြီးဖြစ်ကြလေသည်။

"ဒီနေ့ သူဇာအေးမျက်နှာမကောင်းပါလား"

ယောက်ျားလေးများဖြစ်သော်ငြား ကိုယ့်တစ်ရုံးတည်းက မိန်းကလေးတွေမျက်နှာကို ကြည့်ခြင်းအားဖြင့် သူတို့ဘာဖြစ်နေသည်ကို အတွေ့အကြုံက သင်ပေးခဲ့ပြီမဟုတ်ပါလားလေ။

"သူ့ဘဲနဲ့ ရန်ဖြစ်ပြန်ပြီလားမသိဘူး"

"ဟာ မင်းကလဲ သူ့ကောင်လေးနဲ့ ရန်ဖြစ်ရင် ငါတို့မကြားချင်လဲ ကြားနေရတာပဲ"

"မဟုတ်မှလွဲရော ဂျာကြီးတော်ကီနဲ့မိလာပြန်ပြီထင်တယ်"

"အေး ဖြစ်နိုင်တယ်၊ တစ်နေ့က ညနေရုံးမဆင်းခင် ဂျာကြီး သူဌေးခန်းထဲကထွက်လာတာ မျက်နှာကြီးကို ညိုမည်းလို့၊ ဘယ်သူများ မဲပေါက်သလဲ မှတ်တယ် သူဇာအေးဖြစ်နေလားပေါ့"

"အင်း ဖြစ်နိုင်တယ်၊ ဂျာကြီးက သူ့ဒေါသတွေကို မိုးနတ်သား ဆီလွှတ်လိုက်တာနေမှာ"

စကားပြောနေစဉ် သူဌေးအခန်းထဲမှ လူခေါ်ခေါင်းလောင်းသံထွက်လာသည်မို့ သူဌေးလူယုံကိုကျော်ဆွေဦး အခန်းထဲဝင်သွားသည်။ ချက်ချင်းဆိုသလို ပြန်ထွက်လာပြီး ဂျာကြီးအခန်းဘက် ဝင်သွားသည်။

သူတို့အားလုံးသဘောပေါက်လိုက်ပါပြီ။ မကြာမီ မန်နေဂျာ ဦးစိုးတင့် သူဌေးအခန်းဆီ အခစားဝင်ရောက်သွားလေတော့၏။

"ဟိတ် နင်တို့ စောစောက ဘာတွေတွတ်ထိုးနေတာလဲ"

လူမရောက်သေးအသံရောက်လာသူက အပျိုကြီး မအေးအေးဝင်း။

"ခင်ဗျားကတော့ ဂျာကြီးအလစ်ပဲ ချောင်းနေတယ်၊ ဒီမှာ သူဇာအေး မျက်နှာမကောင်းတဲ့အကြောင်း ဆွေးနွေးအဖြေရှာနေကြတာဗျ"

ဆက်လက်ဖော်ပြပါမည်။

# ဆာဘီးယားနိုင်ငံအရှေ့မြောက်ပိုင်းနယ်မြေများတွင် လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်ရခက်သည့်အဆင့်ရောက်ရှိနေသဖြင့် EU က လေကြောင်းအကူညီစေလွှတ်ခဲ့



ဘဲလ်ဂရိတ် ဩဂုတ် ၂၃

ဆာဘီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်း နယ်မြေများတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့်ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) က လေကြောင်းအကူအညီစေလွှတ်ခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ရဟတ်ယာဉ်များ စေလွှတ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်တချို့ကိုလည်း စေလွှတ်ပေးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ဧရိယာမှာ ကီလိုမီတာ ၈၀ ထိ ကျယ်ဝန်းနေပြီး တောမီး လောင်ကျွမ်းမှုကြောင့် ပျက်စီးမှုနှုန်းလည်း မြင့်မားနေကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဆာဘီးယားနိုင်ငံရဲ့ အရှေ့မြောက်ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းနေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ဆာဘီးယားနိုင်ငံအတွက် အပြည့်အဝ ရပ်တည်သွားမှာပါ။ လေကြောင်းအကူအညီတချို့နဲ့ မီးသတ်တပ်ဖွဲ့ဝင်တချို့ကို စေလွှတ်ပေးထားပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အန်ဒရေယာက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကိုလံဘီယာနိုင်ငံအနောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၃၂ ဦးထိ မြင့်တက်လာ

ဘိုဂိုတာ ဩဂုတ် ၂၃

ကိုလံဘီယာနိုင်ငံအနောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၃၂ ဦးထိ မြင့်တက်လာကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန (UNGRD) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ငလျင်ကြောင့် လူပေါင်း ၄၅၉၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ၂၅၇ ဦး ပျောက်ဆုံးနေဆဲဖြစ်ကာ ၃၆၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ အဆိုပါငလျင်သည် ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၄ မိနစ်တွင် ကိုလံဘီယာနိုင်ငံ ချိုကိုဌာနရှိ ဆန်ဟိုဆေးဒယ်လ်ပါလ်မာမြို့အနီး ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်သည် မြေအောက်အနက် ၁၀၇ ကီလိုမီတာခန့်တွင်ရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ကိုလံဘီယာနိုင်ငံရှိ ပြည်နယ် ၁၅ ခုမှ မြူနီစီပယ် ၄၇၆ ခုတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၂၈၄၁၈၅ ဦးနှင့် အိမ်ထောင်စု ၁၄၆၁၈၈ စု ထိခိုက်ခဲ့ကြောင်း UNGRD က ထုတ်ပြန်ထားသည်။



ငလျင်ကြောင့် အခြေခံအဆောက်အအုံ ၄၆၇ လုံး ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၃၁၄၄၅ လုံး လုံးဝပျက်စီးကာ၊ နေအိမ် ၁၆၃၈၈၄ လုံး အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် လူနေအိမ်များ၊ အများပြည်သူဆိုင်ရာ အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများပြားခဲ့သဖြင့် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ကော်လိုရာဒိုမြစ်ရေကျဆင်းနေသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်၊ နီဗားဒါးပြည်နယ်နှင့် အရီဇိုးနားပြည်နယ်တို့ကို ရေပေးဝေမှုယာယီဖြတ်တောက်

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန်နိုင်ငံရှိ ပြည်နယ်အမြောက်အမြားကို ဖြတ်သန်းနေသည့် ကော်လိုရာဒိုမြစ်ရေကျဆင်းနေသဖြင့် ဂေဟာစနစ်ယိုယွင်းမှုကို ထိန်းသိမ်းရေးအတွက် ကော်လိုရာဒိုမြစ်ဝှမ်းမှတစ်ဆင့် ရေပေးဝေမှုများကို ယာယီဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကော်လိုရာဒိုမြစ်ရေကို သောက်သုံးရေအတွက် ပေးဝေနေသည့် ကယ်လီဖိုးနီးယားပြည်နယ်၊ နီဗားဒါးပြည်နယ်နှင့် အရီဇိုးနားပြည်နယ်တို့ကို ရေပေးဝေမှု ယာယီဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း၊ ကော်လိုရာဒိုမြစ်ဝှမ်း ရေခန်းခြောက်သွားမှု မဖြစ်စေရေးအတွက် ကော်လိုရာဒိုမြစ်ဝှမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံချက်အတွက် လိုအပ်သော ဘဏ္ဍာရေးကို အမေရိကန်အိမ်ဖြူတော်အစိုးရက တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"အမေရိကန်နိုင်ငံရှိ ပြည်နယ်အမြောက်အမြားကို ဖြတ်သန်းစီးဆင်းနေတဲ့ ကော်လိုရာဒိုမြစ်ရေကျဆင်းနေပါတယ်။ ဒီအတိုင်းသာဆက်သွားနေရင် ဂေဟာစနစ်တွေ ပျက်စီးသွားနိုင်တဲ့အတွက် ကယ်လီဖိုးနီးယား ပြည်နယ်၊ နီဗားဒါးပြည်နယ်နဲ့ အရီဇိုးနားပြည်နယ်တွေကို ရေပေးဝေမှုယာယီ ဖြတ်တောက်သွားမှာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# လတ်ဗီးယားနိုင်ငံတွင် အင်အားပြင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် လူဦးရေ ၁၆၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရ

ရီဂါ ဩဂုတ် ၂၃

လတ်ဗီးယားနိုင်ငံတွင် အင်အားပြင်း မုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် လူဦးရေ ၁၆၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

လတ်ဗီးယားနိုင်ငံတစ်ဝန်းတွင် ဩဂုတ် ၂၂ ရက် ညနေပိုင်းက အင်အားပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး သစ်ပင်များပြိုလဲကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်များပျက်စီးခဲ့ပြီး လူဦးရေ ၁၆၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းသည် လတ်ဗီးယားနိုင်ငံတောင်ပိုင်းမှ ဝင်ရောက်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လတ်ဗီးယားပတ်ဝန်းကျင်၊ ဘူမိဗေဒနှင့် မိုးလေဝသဌာနက နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုအတွက် အနီရောင် သတိပေးချက်နှင့် နိုင်ငံတစ်ဝန်း လေပြင်း တိုက်ခတ်မှုအတွက် လိမ္မော်ရောင် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲကာ လျှပ်စစ်ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ပျက်စီးမှုများ ကျယ်ပြန့်ပြီး ပြုပြင်ရန်ခက်ခဲသဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးနိုင်ရေးမှာ ပုံမှန်ထက်အချိန်ပိုကြာနိုင်ကြောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်အော်ပရေတာ Sadales tikls ၏ ထုတ်ပြန်ချက်အရ သိရသည်။

မုန်တိုင်းကြောင့် သစ်ပင်များလဲကျကာ လမ်းများပိတ်ဆို့ခဲ့ကြောင်း၊ လက်ရှိတွင် ရာသီဥတုဆိုးရွားမှုကြောင့် ရထားဝန်ဆောင်မှုတချို့ နှောင့်နှေးခဲ့ရသည့်အပြင် လတ်ဗီးယားတစ်ဝန်း ကျင်းပမည့် အခမ်းအနားအများအပြားကိုလည်း ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# စပိန်နိုင်ငံအရှေ့မြောက်ဘက်ပိုင်းတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

မက်ဒရစ် ဩဂုတ် ၂၃

စပိန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ရီဒါဒီဘီရာလမ်းကို ယာယီပိတ်ထားသကဲ့သို့အဆိုပါလမ်းတစ်လျှောက်တွင် နေထိုင်သော ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၀၀ ထက်မနည်းရှိနေပြီး ယာယီရွက်ဖျင်တဲများဖြင့် ဘေးလွတ်ကင်းရာနေရာများတွင် နေရာချပေးထားပြီး ဦးရေ ၁၀၀ ကျော်ကို ဘာစီလိုနာ မြို့တော်ခန်းမနှင့် အားကစားရုံများ၌ နေရာချပေးထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဘာစီလိုနာ အနောက်တောင်ဘက်ပိုင်းဧရိယာတွေနဲ့ အနီးပတ်ဝန်းကျင်ကုန်းနိမ့်ပိုင်း ဧရိယာတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့ကို ယာယီပိတ်ထားပြီးတော့ ဒေသခံဦးရေ ၃၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ ဒီထဲမှ ဒေသခံ ၁၀၀ ကျော်ကိုလဲ ဘာစီလိုနာမြို့တော်ခန်းမနဲ့ အားကစားရုံတွေမှာ နေရာချပေးထားပါတယ်။ ကျန်တဲ့ဒေသခံတွေကိုတော့ ရွက်ဖျင်တဲတွေနဲ့ ဘေးလွတ်ကင်းရာ နေရာတွေမှာ နေရာချပေးထားပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက အန္တရာယ်ဇုန်အတွင်းက ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေအနက် ဦးရေ၂၀၀ ကျော်ကို အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရတာပါ။ ရေလွှမ်းနေတဲ့နေရာတွေမှာ ပိတ်မိနေတဲ့အတွက်ကြောင့်လဲ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရခြင်းဖြစ်ပါတယ်"ဟု စပိန်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဝါခေါင်လစာရေးတံပွဲတော်နှင့် မေတ္တာအခါတော်နေ့

ထူးပြည့်

မြန်မာတို့၏ ၁၂ လရာသီတွင် ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်ဆိုသည်မှာ ဝါသည် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ခြင်း၊ ခေါင်ဆိုသည်မှာ အလယ်ဗဟိုဖြစ်သည်။ တစ်နည်းအားဖြင့် ဝါတွင်းကာလ၏ အလယ်ဗဟိုကာလဖြစ်သည်။

ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို နံကာလဟုရေးထိုးခဲ့ကြသည်။ နံကာလဆိုသည်မှာ လယ်လုပ်ချိန်လဟုဆိုသည်။ ဝေါဟာရလီ နတ္ထဒီပနီကျမ်းတွင် နံကာလ၏အဓိပ္ပာယ်ကို ပါဠိဘာသာဖြင့် နိက္ခမနိယဟုခေါ်သည်။ မြန်မာဘာသာအားဖြင့် နေမင်းသည် အတွင်းခရီးမှအပြင်ခရီးသို့ထွက်သောလဟုဖြစ်သည်။ ထိုနိက္ခမနိယမှ သဒ္ဒါရွေ့လျောခဲ့ပြီး မြန်မာဘာသာ နံကာဝေါဟာရဖြစ်သည်ဟု နံကာ၏ ပုဒ်ရင်းမြစ်နှင့် အဓိပ္ပာယ်ကို ပြဆိုထားသည်။

ဝါခေါင်လသည် မိုးရာသီ၏ မိုးလယ်ကာလဖြစ်၍ ကောင်းကင်ယံဝယ် မိုးသားတိမ်လိပ်များရောထွေးယှက်လိမ်နေကြသည်။ မိုးသည် မည်းသော်လည်း မရွာ၊ ရွာသော်လည်းမမည်းဘဲ သည်းထန်စွာ ရွာတတ်သည်။

မိုးဖွဲကလေးများရွာသွန်းတတ်သကဲ့သို့ မိုးသည်းထန်စွာလည်း ရွာသွန်းတတ်ခြင်းကြောင့် မြစ်ချောင်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ်ခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်သည့်ကာလဖြစ်သည်။ စိုက်ပျိုးထားသော လယ်ယာသီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ပျက်စီးနိုင်ခြင်း၊ ရေဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် တောင်သူများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူများ သတိပြုနေထိုင်ကြရမည့် ကာလဖြစ်သည်။

ဝါခေါင်လသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက်ရှိသည်။ မြန်မာတို့၏ ၁၂ လရာသီကို နက္ခတ်ဗေဒပညာရှင်များက ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးရက်များနှင့် နဂါးဦးခေါင်းပြုရာအရပ်များကို မှတ်တမ်းတင်ခဲ့ကြသည်။ ထိုမှတ်တမ်းများအရ ဝါခေါင်လ၏ ရာသီမှာ သိဟ်ရာသီ၊ နက္ခတ်မှာ သရဝဏ်နက္ခတ်၊ ယှဉ်တာရာမှာ ဗျိုင်းတာရာ၊ ရာသီရုပ်မှာ ခြင်္သေ့ရုပ်၊ ရာသီပန်းမှာ ခတ္တာပန်း၊ ရာသီပွဲတော်မှာ စာရေးတံပွဲဖြစ်သည်။ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ရက်ရာဇာဖြစ်ပြီး ကြာသပတေးနေ့နှင့် စနေနေ့များသည် ပြဿဒါးရက်များဖြစ်သည်။ နဂါးဦးခေါင်းမှာ မြောက်အရပ်သို့ပြုသည်။

**ရာသီပွဲတော် စာရေးတံပွဲတော်**

ဝါခေါင်လ၏ ရာသီပွဲတော်သည် စာရေးတံပွဲတော်ဖြစ်သည်။ စာရေးတံဆိုသည်မှာ ဆွမ်းစသည်ကို ပေးလှူရာတွင် ကံစမ်းမဲအဖြစ်အသုံးပြုရသော အချောင်းအတံ၊ မဲလိပ် စသည်ဟု မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ စာရေးတံပွဲတော်သည် ဗုဒ္ဓမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ကပင် စတင်ခဲ့သည်ဟု အဆိုရှိခဲ့သည်။ ရှေးမြန်မာမင်းများ လက်ထက်တွင် စာရေးတံပွဲတော်များကို ကျင်းပခဲ့ကြသည်။ သာလွန်မင်းလက်ထက်က ပြုစုခဲ့သော စူဠဝါပါဠိတော်နိဿယနှင့် စူဠဝါအဋ္ဌကထာနိဿယကျမ်းတို့၌ စာရေးတံအလှူ၊ စာရေးတံဆွမ်းဆိုသည့် ဝေါဟာရများကို လေ့လာတွေ့ရှိနိုင်သည်။

❖ **ဝါခေါင်လ၏ ရာသီပွဲတော်သည် စာရေးတံပွဲတော်ဖြစ်သည်။ စာရေးတံဆိုသည်မှာ ဆွမ်းစသည်ကို ပေးလှူရာတွင် ကံစမ်းမဲအဖြစ်အသုံးပြုရသော အချောင်းအတံ၊ မဲလိပ် စသည်ဟု မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ စာရေးတံပွဲတော်သည် ဗုဒ္ဓမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ကပင် စတင်ခဲ့သည်ဟု အဆိုရှိခဲ့သည်။ ရှေးမြန်မာမင်းများလက်ထက်တွင် စာရေးတံပွဲတော်များကို ကျင်းပခဲ့ကြသည်။** ❖

စာရေးတံဆိုသည်မှာ ခေတ်စကားအရ မဲဖြစ်သည်။ ဝါတွင်းကာလ၌ ဝါဆိုဝါကပ်တော်မူကြသော ရဟန်း သံဃာတော်များကို ပုဂ္ဂိုလ်စွဲမထားဘဲ မဲချ၍ ဆွမ်းကပ်လှူဒါန်းခြင်းဖြစ်သည်။ ရှေးယခင်က စာရေးတံကို သစ်သားချောင်းတံ၊ ဝါးခြမ်းပြား၊ နီးပြား၊ ပေရွက်တို့ဖြင့်ပြုလုပ်ကြသော်လည်း ယခုအခါ စက္ကူများဖြင့်ပြုလုပ်ကြသည်။ စာရေးတံတွင် အလှူခံရဟန်းသံဃာတော်၏ ဘွဲ့အမည်ကို ရေးသားထားပြီး အလှူရှင်က မိမိဆွမ်းကပ်လှူဒါန်းမည့်အရေအတွက်အတိုင်း မဲနှိုက်ယူကာ မဲပေါက်သည့်ရဟန်းသံဃာတော်များကို မိမိနေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းကြခြင်းဖြစ်သည်။

ယခုအခါ ဝါခေါင်လ၌ပြုလုပ်သည့် စာရေးတံပွဲများကို ဒေသအလိုက်ကျင်းပသည့် ဘုရားပွဲတော်များ၊ ဆွမ်းလောင်းလှူပွဲများတွင် စာရေးတံမနှိုက်၍ လှူဒါန်းခြင်းများရှိသည်။ တချို့က ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူခြင်းများအပြင် ဝတ္ထုငွေများနှင့် အခြားလှူဖွယ်ပစ္စည်းများကိုပါ လောင်းလှူကုသိုလ်ပြုလျက်ရှိကြသည်။

**မေတ္တာအခါတော်နေ့**

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်က ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားများကိုနာယူဆောင်၍ တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ကာ သစ်ပင်ကြီးများအောက်တွင် တရားအားထုတ်ကြသည်။ ရဟန်းတို့၏ သီလတန်ခိုးများကြောင့် သစ်ပင်ကြီးများတွင် စောင့်ကြပ်နေထိုင်ကြသည့် နတ်များသည်မိမိတို့နေရာတွင် မနေနိုင်ကြဘဲ ဖယ်ပေးကြရသဖြင့် တရားအားထုတ်နေသော ရဟန်းတို့ကို အမျိုးမျိုးခြောက်လှန့်ကြရာ ရဟန်းများသည် တရားအားထုတ်မရကြ၍ ဘုရားရှင်ထံသွားရောက်လျှောက်ထားခဲ့ကြသည်။ ထိုအခါဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်ကိုဟောကြားတော်မူပြီး ထိုမေတ္တာသုတ်ကို ရွတ်ဖတ်၍ တရားအားထုတ်စေခဲ့သည်။ ရဟန်းတို့သည် အဆိုပါတောအုပ်သို့ပြန်သွား၍ မေတ္တာသုတ်ဒေသနာတော်ကို ရွတ်ဖတ်တရားအားထုတ်ခဲ့ကြရာ နတ်များချစ်ခင်ကာ ငြိမ်းချမ်းစွာ တရားအားထုတ်နိုင်ကြသည့်အပြင် ဝါမကျွတ်မီမှာပင် ရဟန်းအားလုံး ရဟန္တာဖြစ်သွားခဲ့ကြသည်။

ဘုရားရှင်က မေတ္တာသုတ်ကို ဝါခေါင်လတွင် ဟောကြားတော်မူခဲ့ခြင်းကြောင့် ဝါခေါင်လကို မေတ္တာအခါလအဖြစ်လည်းကောင်း၊ ဟောကြားတော်မူသည့် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ်လည်းကောင်းပူဇော်ခဲ့ကြသည်။ ထိုကြောင့် နှစ်စဉ် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်၍ မေတ္တာဘာဝနာပွားများခြင်းကုသိုလ်များကို ရှေးရိုးစဉ်လာမပျက် ကျင်းပကြခြင်းဖြစ်သည်။

မေတ္တာဆိုသည်မှာ သတ္တဝါများ၏ စီးပွားချမ်းသာကိုလိုလားခြင်းဖြစ်သည်။ မေတ္တာသည် ကြည်လင်အေးမြသည့် စမ်းရေပမာ အေးချမ်းမှုကို ခံစားရစေနိုင်သည်။ မေတ္တာပွားများခြင်းသည် မေတ္တာပို့သသူဘက်မှ အကျိုးတစ်စုံတစ်ရာ ယုတ်လျော့သွားခြင်းလုံးဝမရှိဘဲ သတ္တဝါအပေါင်းတို့အပေါ်တွင် ကျရောက်ဆဲ၊ ကျရောက်မည့် ဘေးအန္တရာယ်များနှင့် ဆိုးကျိုးများကို ဖယ်ရှား၍ ကောင်းကျိုးများခံစားနိုင်ကြစေရန် ကုသိုလ်ပွားများပေးခြင်းဖြစ်သည်။ ပို့သသောမေတ္တာကို ခံယူကြသည့် သတ္တဝါအပေါင်းတို့သည်လည်း မေတ္တာတန်ခိုးကြောင့် ဘေးရန်ကင်းကွာ၊ စိတ်ချမ်းသာ၍ ကောင်းကျိုးလိုရာဆန္ဒများကို ခံစားကြရသည်။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော မေတ္တာသုတ်တွင် " မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တမနုရက္ခေ။ ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ" "အမိသည် မိမိဝမ်း၌ လွယ်၍မွေးရသော တစ်ဦးတည်းသော သားကို အသက်လောက်ချစ်မြတ်နိုး၍ အစဉ်မပြတ် စောင့်ရှောက်သည့်နည်းတူ သတ္တဝါအားလုံးတို့အပေါ်၌ အတိုင်းမသိ ကြီးမားသောမေတ္တာစိတ်ကိုပွားရာ၏" ဟု ထည့်သွင်းဟောကြားတော်မူခဲ့သည်။

မေတ္တာပွားများသူများသည် မေတ္တာအကျိုး ၁၁ ပါးဖြစ်သည့်-

၁။ ချမ်းသာစွာ အိပ်စက်ရခြင်း။

၂။ ချမ်းသာစွာ နိုးထရခြင်း။

၃။ အိပ်မက်ဆိုးကို မမြင်မက်ခြင်း။

၄။ နတ်တို့က စောင့်ရှောက်ခြင်း။

၅။ လူအများ ချစ်ခင်ခြင်း။

၆။ မီးဘေး မသင့်နိုင်ခြင်း။

၇။ အဆိပ်၊ လက်နက်မသင့်ရောက်နိုင်ခြင်း။

၈။ စိတ်တည်ကြည်ခြင်း။

၉။ မျက်နှာကြည်လင်ခြင်း။

၁၀။ တွေဝေစွာ မသေရခြင်း။

၁၁။ သေလွန်လျှင် ဗြဟ္မာပြည်သို့ရောက်နိုင်ခြင်းစသည့်အကျိုးများကိုခံစားရနိုင်သည်။

လူသားတို့သည် တစ်ဦးအပေါ်တစ်ဦး မေတ္တာစိတ်ပွားများခြင်း၊ ကိုယ်ချင်းစာနာစိတ်ထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်းများဖြင့် ဆက်ဆံကြရန်လိုသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ ဆိုသည့်အကုသိုလ်တရားများမှ မလွတ်ကင်းနိုင်ကြပါက အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့နှင့် တွေ့ကြုံရင်ဆိုင်နေကြရမည်ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးတွင် အကျုံးဝင်သည့် မေတ္တာပွားများကြခြင်းဖြင့်သာ အေးချမ်းသာယာ၍ သာယာဝပြောသော လူ့ဘောင်လောကကြီးတွင် ရပ်တည်နေထိုင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဆရာကြီး ဦးသုခ၏ မှတ်အပ်၊ မှတ်ရာမှတ်စု ပဒေသာ သုခမှတ်စု
- ဝိသဇ္ဇက ( ပဲခူး ) ၏ ဗုဒ္ဓေါ တပတိ တေဇသာ ပန်းတိုင်ဦးသန်းမောင်၏ ဆယ့်နှစ်လရာသီပွဲတော်များနှင့် မှတ်တမ်းကဗျာများ
- နေ့စဉ်ထုတ်သတင်းစာများ

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အိုင်အိုဒင်းဓာတ်ချို့တဲ့မှုပပျောက်ရေး အသိပညာပေး

ပေါက်ပေါက်

ကမ္ဘာပေါ်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်များတွင် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် ဦးနှောက်ချို့တဲ့မှုပြဿနာများ ကြုံတွေ့နေကြရသည်။ ထို့ကြောင့် အစကောင်းမှအနှောင်းသေချာဆိုသလို မိခင်လောင်းများသည် ပဋိသန္ဓေရှိချိန်ကစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာစားသုံးရန် အထူးလိုအပ်သည်။ အိုင်အိုဒင်းဆားမှီဝဲခြင်းက မိခင်ရော၊ ရင်သွေးအတွက်ပါ အာဟာရဖွံ့ဖြိုးစေမည်ဖြစ်သည်။

သို့သော် ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် အိုင်အိုဒင်းဆား စားသုံးမှုအားနည်းနေကြသည်။ ယနေ့ကမ္ဘာပေါ်တွင်အိုင်အိုဒင်းဓာတ်ချို့တဲ့သူပေါင်းသန်း ၂၀၀၀ ခန့်ရှိကြောင်း ဩစတြေးလျနိုင်ငံရှိ MNT Knowledge Centre မှဆိုထားသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးသုတေသီများကလည်း နှစ်စဉ် ဩဂုတ်လ၏ စတုတ္ထရက်သတ္တပတ်ကို "အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်" အဖြစ် အထူးတလည်သတ်မှတ်ထားသည်။

**အိုင်အိုဒင်းဆားအကြောင်းသိကောင်းစရာ**

ဆားကိုဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိပ်ဖြာကြည့်ပါက၊ ကလိုရိုက်အိုင်းယွန်းနှင့် ဆိုဒီယမ်အိုင်းယွန်းတို့ပေါင်းစပ်ထားသော ဆိုဒီယမ်ကလိုရိုက်သတ္တုဓာတ်ပေါင်းဖြစ်သည်။ ဆားကိုယေဘုယျအားဖြင့် (၁) ဆားကြမ်း၊ (၂) စားပွဲတင်ဆားနှင့် (၃) အိုင်အိုဒင်းဆားဟူ၍ သုံးမျိုးခွဲခြားထားသည်။ ပင်လယ်ရေကရရှိပြီး သဘာဝအတိုင်းမပြုပြင်ရသေးဘဲ ခပ်ကြမ်းကြမ်းရှတတရှိသော ဆားခဲကြီးကို ဆားကြမ်းဟုခေါ်သည်။ ထိုဆားကြမ်းခဲကြီးများကို အရောင်ချွတ်ဆေးသုံးပြီး ဖြူဖွေးသန့်စင်စေကာ၊ နူးညံ့မှုန့်ညက်နေအောင် စက်ဖြင့်ကြိတ်ထားခြင်းကို စားပွဲတင်ဆားဟုခေါ်သည်။ ဆားငန်ရည် သို့မဟုတ် ဆားကြမ်းကို အိုင်အိုဒင်းဓာတ်ဖြည့်စွက်ကာ အဖြူရောင်ဆားပုံဆောင်ခဲများအဖြစ် ပြုပြင်ထားခြင်းကို "အိုင်အိုဒင်းဆား" ဟုခေါ်သည်။ စားနေကျအိမ်သုံးဆားနှင့် အရောင်အဆင်း၊ အနံ့၊ အရသာခြားနားမှုမရှိပေ။ အိုင်အိုဒင်းဆားကို ပန်းရောင် သို့မဟုတ် မီးခိုးရောင်ဖျော့ဖျော့ ပုံဆောင်ခဲများအဖြစ် တွေ့မြင်ရသည်။

**အိုင်အိုဒင်းဆားစားသုံးသင့်သောအကြောင်း**

အိုင်အိုဒင်းဓာတ်သည် လည်ပင်းတွင်ရှိသော သိုင်းရွိုက်ဂလင်းမှဟော်မုန်းများ ထုတ်လုပ်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ၎င်းဟော်မုန်းများသည် ခန္ဓာကိုယ်၏ ဇီဝရုပ်ဖြစ်ပျက်မှု၊ ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကို အဓိကထိန်းချုပ်ပေးသည်။ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သိုင်းရွိုက်ဂလင်းပုံမှန်ထက် ကြီးထွားလာပြီး လည်ပင်းကြီးရောဂါဖြစ်ပွားစေသည်။ အိုင်အိုဒင်းဆားပုံမှန်စားသုံးခြင်းက ဤရောဂါကို ထိရောက်စွာကာကွယ်ပေးသည်။ ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းဓာတ်လုံလောက်စွာရရှိပါက သန္ဓေသား၏ ဦးနှောက်နှင့် အာရုံကြောစနစ် ပုံမှန်ဖွံ့ဖြိုးစေပြီး မွေးဖွားလာသည့်ကလေးတွင် ဉာဏ်ရည်မမီခြင်းနှင့် ကြီးထွားမှုနှေးကွေးခြင်းတို့ကို ကာကွယ်ပေးသည်။ ကြီးထွားဆဲကလေးများတွင် အိုင်အိုဒင်းဓာတ်လုံလောက်ပါက မှတ်ဉာဏ်ကောင်းမွန်ခြင်း၊ သင်ယူနိုင်စွမ်းမြင့်မားခြင်းနှင့် တက်ကြွလန်းဆန်းမှုရှိစေသည်။

**အသက်အရွယ် အပိုင်းအခြားအလိုက် တစ်နေ့တာ အိုင်အိုဒင်းဆားလိုအပ်မှုပမာဏ**

အသက်အရွယ် အပိုင်းအခြားအလိုက် တစ်နေ့တာလိုအပ်သောအိုင်အိုဒင်းဓာတ်ပမာဏ (Micrograms/mcg) မှာ ဖော်ပြထားသည့်အတိုင်း အိုင်အိုဒင်းဆားပမာဏကို သင့်တင့်မျှတစွာ နေ့စဉ်စားသုံးရုံနှင့် အိုင်အိုဒင်းအာဟာရ လွန်ကဲမှုမဖြစ်နိုင်ပေ။

မွေးစမှ၆လထိ 110 mcg လိုအပ်နေပြီး၊ ၎င်းပမာဏကို မိခင်နို့၊ နို့မှုန့်မှရရှိနိုင်သည်။ အသက် ခုနစ်လမှ ၁၂ လထိ 130 mcg လိုအပ်နေပြီး ၎င်းပမာဏကို ဖြည့်စွက်စာမှသဘာဝအတိုင်းရရှိနိုင်သည်။ အသက်တစ်နှစ်မှရှစ်နှစ်အတွင်း အိုင်အိုဒင်းဓာတ်ပမာဏလိုအပ်ချက်မှာ 90 mcg (လက်ဖက်ရည် ဇွန်း ၄ ပုံ ၁ ပုံခန့်)ဖြစ်သည်။ အသက် ၉ နှစ်မှ ၁၃ နှစ်အတွင်း အိုင်အိုဒင်းဓာတ်ပမာဏလိုအပ်ချက်မှာ 120 mcg (လက်ဖက်ရည်ဇွန်း ၃ ပုံ ၁ပုံခန့်) ဖြစ်သည်။ ၁၄ နှစ်နှင့်အထက်အတွက် တစ်နေ့တာအိုင်အိုဒင်းဓာတ်




ပမာဏ လိုအပ်ချက်မှာ 150 mcg (လက်ဖက်ရည်ဇွန်း ၁ ဇွန်း၏ထက်ဝက်ခန့်)ဖြစ်သည်။ကိုယ်ဝန်ဆောင်မိခင်များအတွက်တစ်နေ့တာ အိုင်အိုဒင်းဓာတ်ပမာဏပျမ်းမျှလိုအပ်ချက်မှာ 220 mcg ဖြစ်သည်။ (သို့သော် ဆရာဝန်ညွှန်ကြားချက်အတိုင်းမှီဝဲရမည်) နို့တိုက်မိခင်များအတွက် တစ်နေ့တာအိုင်အိုဒင်းဓာတ်ပမာဏပျမ်းမျှလိုအပ်ချက်မှာ 290 mcg ဖြစ်သည်။ (သို့သော် ဆရာဝန်ညွှန်ကြားချက် အတိုင်းမှီဝဲရမည်)

အိုင်အိုဒင်းဆား လက်ဖက်ရည်ဇွန်းတစ်ဇွန်း (ငါးဂရမ်ခန့်) တွင် အိုင်အိုဒင်းဓာတ်ပမာဏ 250–300 mcg ခန့်ပါဝင်လေ့ရှိသည်။ လူကြီးတစ်ဦးအတွက် တစ်နေ့လျှင် အိုင်အိုဒင်းဆားလက်ဖက်ရည်ဇွန်း ဝက်ခန့်စားသုံးပေးပါက လုံလောက်သော အိုင်အိုဒင်းဓာတ်ပမာဏကိုရရှိနိုင်သည်။

**အိုင်အိုဒင်းဓာတ်ကြွယ်ဝသော အစားအစာများ**

မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင်ဖြစ်စေ အစားအစာတစ်မျိုးတည်းမှ အိုင်အိုဒင်းဓာတ်အာဟာရလုံလောက်စွာရရှိဖို့ မသေချာလှပေ။ ထို့ကြောင့် အိုင်အိုဒင်းဓာတ်ကြွယ်ဝသော အစားအစာများကို ရွေးချယ်စားသင့်သည်။ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ နို့၊ ဥ စသည့်အစားအစာများတွင် အိုင်အိုဒင်းဓာတ်အနည်းငယ်စီပါဝင်သည်။ ပင်လယ်ငါး၊ ပုစွန်၊ ကျောက်ပွင့်စသည့် ပင်လယ်မှထွက်ရှိသော အစားအစာများထဲတွင် အိုင်အိုဒင်းဓာတ်အာဟာရကြွယ်ဝစွာပါဝင်နေသည်။

**အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်း လက္ခဏာများ**

ကမ္ဘာ့လူသားတိုင်း အိုင်အိုဒင်းဓာတ်ချို့တဲ့နိုင်သည်။ ၎င်းတို့အနက် အိုင်အိုဒင်းဓာတ်ချို့တဲ့နိုင်ခြေပိုများသူတို့မှာ ကိုယ်ဝန်ဆောင်မိခင်များ၊ မြေဆီလွှာတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုနည်းသည့် နိုင်ငံတချို့တွင်နေထိုင်ကြသူများ (ဥပမာ အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ နယူးဇီလန်နိုင်ငံနှင့် ဥရောပနိုင်ငံများ)၊ အိုင်အိုဒင်းဆားမစားသုံးသူများနှင့် သက်သတ်လွတ်စားသုံးလေ့ရှိသူများဖြစ်ကြသည်။

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေသည့် သတ္တုဓာတ်တစ်မျိုးဖြစ်သော အိုင်အိုဒင်းဓာတ်ချို့တဲ့လာပါက ဖော်ပြပါလက္ခဏာများကို အများဆုံးတွေ့ရနိုင်သည်။

**လည်ပင်းကြီးခြင်း**

သိုင်းရွိုက်ဂလင်းများ အဆမတန်ကြီးလာကာ လည်ပင်းအရှေ့ဘက်တွင် ဖောင်းနေခြင်းသည် အိုင်အိုဒင်းဓာတ်ချို့တဲ့မှု၏ ထင်သာမြင်သာရှိသော လက္ခဏာတစ်ခုဖြစ်သည်။ သိုင်းရွိုက်ဂလင်းဆိုသည်မှာ လည်ပင်းအရှေ့ဘက်ရှိ သေးငယ်သောလိပ်ပြာပုံစံဂလင်းဖြစ်သည်။ Thyroid Stimulating Hormone(TSH) ၏စေ့ဆော်ဆော်မှုကို ရရှိသည့်အခါ သိုင်းရွိုက်ဂလင်းက သိုင်းရွိုက်ဟော်မုန်းများကိုစတင်ထုတ်လုပ်သည်။ ထိုလုပ်ဆောင်မှု ဟန်ချက်ညီနေစေရန် အိုင်အိုဒင်းဓာတ်လိုအပ်သည်။ ခန္ဓာကိုယ်မှာ အိုင်အိုဒင်းဓာတ်နည်းသောအခါ ထိုလုပ်ဆောင်မှုများ ကောင်းစွာမလုပ်နိုင်တော့ဘဲ ဆဲလ်များကိုပုံမှန်မဟုတ်သောကြီးထွားမှုဖြစ်ပေါ်စေပြီး လည်ပင်းကြီးခြင်းကိုဖြစ်လာစေသည်။

**ကိုယ်အလေးချိန်တက်လာခြင်း**

သိုင်းရွိုက်ဟော်မုန်းများက ကိုယ်တွင်းဇီဝဖြစ်စဉ်ကို အကောင်းဆုံးလည်ပတ်နိုင်အောင် ထောက်ပံ့ပေးခြင်းဖြင့် စားလိုက်သည့်အစားအစာများကို စွမ်းအင်အဖြစ်ပြောင်းလဲပေးသကဲ့သို့ အပူအဖြစ်လည်းပြောင်းလဲပေးသည်။ ထို့ပြင် ကယ်လိုရီများကိုလည်းလောင်ကျွမ်းပေးသည်။ အကယ်၍ သိုင်းရွိုက်ဂလင်းကောင်းမွန်စွာ အလုပ်မလုပ်နိုင်တော့သည့်အခါ ခန္ဓာကိုယ်တွင် ထိုဖြစ်စဉ်များနှောင့်နှေးသွားပြီး ကိုယ်အလေးချိန်တက်လာသည်။

**ပင်ပန်းနွမ်းနယ်ခြင်းနှင့် အားမရှိသလို ခံစားရခြင်း**

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် သိုင်းရွိုက်ဂလင်းအလုပ်မလုပ်ဘဲ ကိုယ်တွင်း၌သိုင်းရွိုက်ဟော်မုန်းအားနည်းလာသောအခါ အနည်းငယ်လှုပ်ရှားရုံမျှနှင့် အားမရှိသလိုဖြစ်နေပြီး ခြေကုန်လက်ပမ်းကျနေသလို ခံစားရတတ်သည်။

**ဆံပင်ကျွတ်ခြင်း**

ဆံသားအပါအဝင် ခန္ဓာကိုယ်ပေါ်က အမွေးအမျှင်များက အပူအအေးမျှတ၍ ကျန်းမာနေစေဖို့အတွက် အကောင်းဆုံးထောက်ပံ့ပေးသည်။ သို့သော် ဆံပင်အဆမတန်ကျွတ်နေလျှင် ကိုယ်တွင်း၌အိုင်အိုဒင်းဓာတ်ချို့တဲ့လက္ခဏာဖြစ်သည်။

**အသားအရေခြောက်သွေ့ခြင်း**

ခန္ဓာကိုယ်တွင်း အိုင်အိုဒင်းဓာတ်နည်းနေသည့်အခါ သိုင်းရွိုက်ဂလင်းများက ကောင်းကောင်းအလုပ်မလုပ်သောကြောင့် သိုင်းရွိုက်ဟော်မုန်းပမာဏနည်းပါးလာပြီး အရေပြားမှာအစိုဓာတ်နည်းလာသည်။ ထိုအခါ အသားအရေခြောက်သွေ့ခြင်းနှင့် အရေပြားအဖတ်လန်ခြင်း ဖြစ်လာနိုင်သည်။

**ပုံမှန်ထက်ပိုအေးနေသကဲ့သို့ ခံစားရခြင်း**

အိုင်အိုဒင်းဓာတ်ချို့တဲ့သူက အခြားသူများထက် ပိုချမ်းတတ်ခြင်း သို့မဟုတ် ပုံမှန်ထက်ပိုအေးနေသကဲ့သို့ ခံစားရသည်။ ကိုယ်တွင်းမှာ အိုင်အိုဒင်းဓာတ်နည်းနေသဖြင့် သိုင်းရွိုက်ဂလင်းများ ကောင်းကောင်းအလုပ်မလုပ်တော့သည့်အခါ သိုင်းရွိုက်ဟော်မုန်းထွက်ရှိမှုနည်းသွားပြီး ခန္ဓာကိုယ်ကအအေးဒဏ်ကို မခံနိုင်ခြင်းမျိုးဖြစ်လာသည်။

**သင်ယူမှုနှင့် မှတ်ဉာဏ်စွမ်းအားနည်းလာခြင်း**

ဦးနှောက်ပျက်စီးမှုနှင့် စွမ်းဆောင်ရည်နှေးကွေးမှုပြဿနာများရင်ဆိုင်ရနိုင်သည်။ အိုင်အိုဒင်းဓာတ်ချို့တဲ့မှုက သင်ယူနိုင်စွမ်းနှင့် မှတ်မိနိုင်စွမ်းကို ထိခိုက်စေသည်။ အကြောင်းရင်းက အိုင်အိုဒင်းဓာတ်အပေါ်မှာအပြည့်အဝမှီခိုနေသည့် သိုင်းရွိုက်ဟော်မုန်းများက ဦးနှောက်ဖွံ့ဖြိုးရန်နှင့် မှတ်ဉာဏ်စွမ်းအားကောင်းစေရန်တို့အတွက် အကောင်းဆုံးထောက်ပံ့ပေးသည်။ ထို့ကြောင့် သင်ယူမှတ်မိနိုင်စွမ်းကောင်းစေဖို့ အိုင်အိုဒင်းဓာတ်ပြည့်ဝဖို့လိုသည်။

**ရာသီသွေးဆင်းများခြင်း သို့မဟုတ် ရာသီသွေးမမှန်ခြင်း**

အထူးသဖြင့် အမျိုးသမီးငယ်များတွင် ဖြစ်ပေါ်ခံစားရသည့် ရာသီသွေးဆင်းများခြင်း သို့မဟုတ် ရာသီသွေးမမှန်ခြင်းသည် အိုင်အိုဒင်းဓာတ်ချို့တဲ့လက္ခဏာတစ်ခုဖြစ်သည်။ သိုင်းရွိုက်ဟော်မုန်းချို့တဲ့၍ ရာသီသွေးမမှန်ဖြစ်တတ်သည်။

**အထွေထွေပြဿနာများ**

ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ပျက်ကျနိုင်သည်။ ကလေးအသေ၊ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားကလေး၊ခြေလက်မသန်စွမ်းသောကလေး၊ စိတ်ပိုင်းချို့တဲ့သော၊ ဉာဏ်ရည်နိမ့်သောကလေး၊ အရပ်ပုပျပ်နှင့် သက်ကြီးပုံစံကလေးများမွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ပုံမှန်မကြီးထွားဘဲ အရပ်ပုခြင်း၊ ဉာဏ်ထိုင်းခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်း၊ မွေးရာပါရောဂါများအပြင် ရင့်ကျက်မှုမပြည့်ဝခြင်းများရှိနိုင်သည်။ထို့ပြင်လည်ပင်းကြီးရောဂါဖြစ်တတ်ခြင်း၊ ဒူးခေါင်းအရိုးဆစ်ကြီးတတ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်း၊ သက်လုံမကောင်းခြင်း၊ ပင်ပန်းလွယ်ခြင်းများ ဖြစ်နိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မိမိရင်သွေးကျန်းမာရေးအတွက် အိုင်အိုဒင်းဓာတ်ကြွယ်ဝသောအစားအစာများနှင့် အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာစားသုံးပေးရန်လိုအပ်သည်။

အချုပ်ဆိုရသော် အိုင်အိုဒင်းဓာတ်မချို့တဲ့စေရေး၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါများ မဖြစ်ပွားစေရေး၊ ပပျောက်စေရေးအတွက် အိုင်အိုဒင်းဓာတ်ကြွယ်ဝသော အစားအစာများစားသုံးပေးရမည့်အပြင် ဆားကိုအစားအစာများ၌ ထည့်သွင်းစားသုံးရာတွင် အိုင်အိုဒင်းဆား တစ်မျိုးတည်းကိုသာစားသုံးကြရန် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနနှင့် ကုလသမဂ္ဂဆိုင်ရာ ကလေးများအထောက်အပံ့အဖွဲ့တို့က အကြံပြုထားကြောင်း ရေးသားလိုက်ရပါသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျော့ချလုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။




"အဂတိပယ်ရှား ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၀၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၀၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၀၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ၁၂၃၆၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၇၀၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားပါမယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် နှမ်းကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှမ်းကုန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၆ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နှမ်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၂၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သုည ဒသမ ၃ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**







## အမည်မှန်

မလှိုင်မြို့ အထက မလှိုင် Grade–12 တန်းတွင် ပညာသင်ကြားနေသော ဦးသန်းဇော်ထွန်း၏ သမီးဖြစ်သူ မလှလှစန်း၏ အမည်မှန်မှာ မလှလှကြိုင် ဖြစ်ပါကြောင်း။

မလှလှကြိုင်

## အမည်ပြောင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အထက(၃၆) Grade–2 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်မျိုးသန့် (၉/ခမစ(နိုင်)၀၆၆၆၇၇၂)၏ သား မောင်စွမ်းထက်အောင်အား မောင်ကောင်းခန့်ဝင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းခန့်ဝင်း

**သင့်သွေး ဖြင့် အသက် ကယ်ပါ**

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြှိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ်ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့်အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။




၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။



၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။




၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်ရှိ အထင်ကရနေရာများကို ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်ကို ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**


ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကီဇီးလ်မြို့ရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တို့တွင် တက္ကစီယာဉ်မောင်းများအား ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား လေးဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ - ၂၅

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းလွန် - ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး စာမျက်နှာ ၂၃ ကော်လံ ၄ ❖

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူဦးရေ ၂၀ ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုဆိုင်ရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များကို ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စာမျက်နှာ ၂၄ ကော်လံ ၁ ◆



ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ဦးရေ ၂၀ ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်အားလုံး အနိုင်ရရှိခဲ့ပြီး ရောဝတီအသင်း ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာနိုင်ငံ ကိုယ်စားပြုသည့် ရောဝတီအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် New Taipei City အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရောဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုပွဲစဉ်အားလုံးအနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည့်အတွက် နှစ်သင်းလုံး အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲအစပိုင်းတွင် New Taipei City အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ပြုလုပ်ကာ ဖိအားပေးနိုင်ခဲ့သော်လည်း စာမျက်နှာ ၂၃ ကော်လံ ၁ ■